AUSTRALIA-MYANMAR
CHAMBER OF COMMERCE

# တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖွဲ့

သဘောထား စာတမ်း။ အကျိုးစီးပွားမျှဝေခြင်းအပေါ် အားပေးခြင်း

# မာတိကာ


ပူးတွဲသဘာပတိများထံမှ သတင်းစကား

ကျေးဇူးတင်လွှာ

အကြံပြုချက်များ

မြန်မာနိုင်ငံအစိုးရထံသို့ အကြံပြုချက်များ

စီးပွားရေးလုပ်ငန်းများထံသို့ အကြံပြုချက်များ

အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းထံသို့ အကြံပြုချက်များ

၁။ လတ်တလော အခြေအနေ

၂။ စီးပွားရေးလုပ်ငန်းများ၏လူမှုတာဝန်ယူမှု (Corporate Social Responsibility-CSR)

CSR ခေါ် စီးပွားရေးလုပ်ငန်းများ၏လူမှုတာဝန်ယူမှု ဆိုသည်မှာ

လူမှုရေးလုပ်ငန်း

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏လူမှုတာဝန်ယူမှု

၃။ စီးပွားရေးလုပ်ငန်းများအနေဖြင့် "အကျိုးစီးပွားမျှဝေခြင်း"(Shared Value) အား မည်သို့ဖော်ဆောင်နိုင်သနည်း။

၁။ တန်ဖိုးကွင်းဆက်ဖြစ်စဉ်ရှိ ကုန်ထုတ်နိုင်စွမ်းအပေါ် ပြန်လည်ဖွင့်ဆိုခြင်း

၂။ ထုတ်ကုန်နှင့် ဈေးကွက်များ ပြန်လည်ပုံဖော်ကြည့်ခြင်း

၃။ ဒေသတွင်း လုပ်ငန်းစုံအဖွဲ့အစည်းများ ဖွံ့ဖြိုးမှု

**၄။ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု၊ CSR နှင့် CSV ကို အားပေးရာတွင် အစိုးရ၏ အခန်းကဏ္ဍ**

**၄.၁။ ဩစတြေးလျနိုင်ငံ၏ ကူညီထောက်ပံ့ရေးမူဝါဒရပ်တည်ချက်**

**၄.၂။ အခွင့်အာဏာရ 'CSR'**

အိန္ဒိယနိုင်ငံ၏ CSR အတွက် သုံးစွဲနိုင်ခွင့်

**၄.၃။ အခွန်မက်လုံးများ**

**၄.၄။ လိုအပ်ချက်များ အစီရင်ခံခြင်း**

သြစတြေးလျ

သယံဇာတထုတ်ယူသုံးစွဲမှုလုပ်ငန်းများ ထင်သာမြင်သာရှိရေး အစီအမံ

ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ်

**၄.၅ အစိုးရထောက်ပံ့ရေးလုပ်ငန်းစဉ်နှင့် လုပ်ငန်းသဘောတူညီခြင်း**

**၄.၆ အစိုးရထောက်ပံ့ကြေးများ**

သြစတြေးလျအကျိုးတူလုပ်ငန်းအဖွဲ့များဆိုင်ရာ အခြေခံသဘောတူညီချက်

**၄.၇ အသိအမှတ်ပြုခြင်း၊ ဆုများနှင့် ချီးမြှင့်မှုများ**

သြစတြေးလျဂန်ကြီးချုပ်၏ စီးပွားရေးလုပ်ငန်းဂန်းကျင် မိတ်ဖက်အဖွဲ့

နက်စတဲ၏ အကျိုးစီးပွားမျှဝေခြင်း ဖန်တီးနိုင်စွမ်းဆု (Creating Shared Value)

မြန်မာနိုင်ငံ ပြည်တွင်းအခွန်ဦးစီးဌာန၏ ထိပ်တန်းအခွန်ပေးဆောင်သူများစာရင်း

**၄.၈ အဆင့်သတ်မှတ်ခြင်း**

ဖော်ကျွန်း မဂ္ဂဇင်း၏ ကမ္ဘာ့ထိပ်တန်းစာရင်းအပြောင်းအလဲ

MCRB ၏ ပွင့်သစ်စ/ TiME အစီရင်ခံစာ

**နိဂုံးချုပ်ကောက်ချက်**

**နောက်ဆက်တွဲ ၁- အိန္ဒိယနိုင်ငံ၏ CSR ဥပဒေပြဋ္ဌာန်းခြင်း**

**ရည်ညွှန်းချက်များ**

Special thanks to the sponsors for making the publication and launch of the position paper possible.

## PLATINUM SPONSORS

THE REAL LIFE COMPANY

AIA - Platinum Sponsor

## GOLD SPONSORS

MPRL E&P Pte Ltd.

VALENTIS

MPRL E&P - Gold Sponsor

Valentis - Gold Sponsor

AUSTRALIA-MYANMAR
CHAMBER OF COMMERCE
ဩစတြေးလျ-မြန်မာ ကုန်သည်များအသင်း

ဤအသင်းက ကြံဆောင်ကြိုးစားနေသည်မှာ-

- မြန်မာနိုင်ငံတွင် အခွင့်အလမ်းများ ဂင်ရောက်ရှာဖွေရန် ကြိုးပမ်းနေသည့် ဩစတြေးလျ စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်
- ဩစတြေးလျ၏ အကောင်းဆုံး အလေ့အကျင့်များ မျှဝေပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်
- မြန်မာနိုင်ငံတွင် ပုဂ္ဂလိကနှင့် ပြည်သူ့ကဏ္ဍများအား စွမ်းရည်မြှင့်တင်ရာတွင် ကူညီထောက်ပံ့ပေးရန်

၂၀၁၃ ခုနှစ်မှစတင်၍ အသင်းက အဓိကလုပ်ဆောင်ခဲ့သည့် လှုပ်ရှားမှုများတွင် ပါဝင်သည်မှာ-

- စီးပွားရေးလုပ်ငန်း ကိုယ်စားလှယ်အဖွဲ့များ ဦးဆောင်စီစဉ်ပေးခြင်းနှင့် မြန်မာနှင့် ဩစတြေးလျနိုင်ငံတို့ရှိ ပုဂ္ဂလိက ကဏ္ဍနှင့် စက်မှု လုပ်ငန်းများ အကြား အပြန်အလှန် လည်ပတ်လေ့လာမှုများ အတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း။
- မြန်မာလုပ်ငန်းရှင်များနှင့် စွမ်းဆောင်ရည်တည်ထောင်မြှင့်တင်ခြင်းဆိုင်ရာ ဟောပြောပွဲများ၊ ချိတ်ဆက်ဆောင်ရွက်ရေး အခမ်းအနားများ ကျင်းပခြင်း
- ဂျီ ၂၀ အစည်းအဝေးအတွင်း ဘရစ္စဘိန်းမြို့တွင် ညစာစားပွဲကျင်းပ၍ မြန်မာနိုင်ငံ သမ္မတအား ဩစတြေးလျ စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံညှိနှိုင်းပေးခဲ့ခြင်း။
- ဩစတြေးလျအစိုးရ၏ ငွေကြေးထောက်ပံ့မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ဩစတြေးလျနိုင်ငံရှိ ကုမ္ပဏီများတွင် မြန်မာနိုင်ငံသားများ သွားရောက်လေ့လာနိုင်သည့် ကျွမ်းကျင်မှု ဖလှယ်ခြင်း (Skill Swap) အစီအစဉ်အား စီစဉ်ဆောင်ရွက်ပေးခြင်း။
- ဩစတြေးလျနိုင်ငံမှ သက်ဆိုင်ရာ ကဏ္ဍအသီးသီးရှိ ကျွမ်းကျင်ပညာရှင်များအား စုစည်း၍ မြန်မာနိုင်ငံ အစိုးရအား သတ္တုတွင်း ဥပဒေနှင့် နည်းဥပဒေဆိုင်ရာ မူဝါဒရေးရာ အကြံပြုချက်များ တင်ပြပေးခဲ့ခြင်း။
- သီးသန့်ကဏ္ဍများအတွက် ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ ဟောပြောပွဲများ စီစဉ်ပေးခြင်း။
- စီးပွားရေးလုပ်ငန်းများနှင့် ဦးဆောင်မှုနယ်ပယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ဂါလာညစာစားပွဲနှင့် ဆွေးနွေးပွဲအား စတင်ဖွင့်လှစ်ပေးခဲ့ခြင်း။

<u>ဤအသင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ info@a-mcc.com တွင် ကျွန်ုပ်တို့ကို ဆက်သွယ်စေလိုပါသည်။</u>

## တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖွဲ့

တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့သည် AMCC မှ ဦးဆောင်အစပြုသည့် ဆောင်ရွက်မှုတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားအတွက် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရေးနှင့် ၎င်းကဏ္ဍအားမြှင့်တင်ပေးရန် ပုဂ္ဂလိကကဏ္ဍ အနေဖြင့် ပါဝင်သက်ဆိုင်သူများနှင့် မည်သို့ လုပ်ကိုင်နိုင်သည်ကို ဖြေရှင်းကူညီပေးရန် ဖြစ်သည်။ ဤအဖွဲ့အား AMCC ၏ အမှုဆောင်အရာရှိချုပ် Verity Lomax နှင့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ၏ ဒါရိုက်တာ Vicky Bowman တို့မှ ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါသည်။ ၎င်း၏ အဖွဲ့ဝင်များမှာ ထင်ရှားသည့် သြစတြေးလျနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ ဖြစ်ကြသည်။ အကျိုးစီးပွားမျှဝေခြင်း (shared value) အစီအစဉ်အား အားပေးစည်းရုံးခြင်း လုပ်ငန်းများအပြင် လုပ်ငန်းအဖွဲ့၏ ဦးစားပေး လုပ်ငန်းစဉ်များသည် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များ (UNGC) နှင့်ကိုက်ညီသည့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်ကဲ့သို့ ခေါင်းစဉ်များအထိ လွှမ်းခြုံထားပါသည်။ လုပ်ငန်းအဖွဲ့၏ အဓိက ဖော်ဆောင်သွားမည့် ရည်မှန်းချက်များမှာ -

- (က) အလေ့အကျင့်ကောင်းများပါဝင်သည့် အသေးစိတ်လေ့လာချက် (case study) များအား ရှာဖွေမှုပြုလုပ်ရန်
- (ခ) လက်တွေ့ကျပြီး တီထွင်ဆန်းသစ်သည့် စီးပွားရေးဆိုင်ရာ ဖြေရှင်းဆောင်ရွက်နည်းများ ဖော်ဆောင်ရန်
- (ဂ) စီးပွားရေး ကော်ပိုရိတ်လုပ်ငန်းများနှင့် NGO အဖွဲ့အစည်းများအကြား ဆက်ဆံရေးပိုမို ကောင်းမွန်လာစေရန် ဆောင်ရွက်ရန်
- (ဃ) ျမန်မာနိုင္ငံအစိုးရနင့္ ကုယ္ျပန္သည့္ စီးပြားေရးအသိုက္အဝန္းအတြင္းသို့ တာဝန္ယူမှုရှိသည့္ ရင်းနှီးမြှုပ်နှံမှု ဆိုင္ရာ လမ္းညႊန္ခ်က္ျပန္ခ်က္မ်ား ပံ့ပိုးေပးရန္

## RESPONSIBLE INVESTMENT WORKING GROUP

### CORPORATE SECTOR

- Coffey
- Woodside
- Roche
- Cardno
- Valentis
- Montrose
- MPRL
- Diamond Intellegence
- KBZ Group
- AIA [Insurance]

### NGOs

- MCRC (Co-Chair)
- CARE
- Save The Children
- Australian Red Cross
- World Vision
- Australian Volunteers International (AVI)

### GOVERNMENT

- Ex-Officio Australian Embassy rep

*ပုံ ၁- တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုအလုပ်အဖွဲ့ အဖွဲ့ဝင်များ*

**မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန**

ရန်ကုန်အခြေစိုက် လုပ်ရှားမှုအဖွဲ့ဖြစ်သည့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြု ဌာနသည် ယူကေ၊ ဒိန်းမတ် နော်ဝေး၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်နိုင်ငံတို့မှ ငွေကြေးပံ့ပိုးထားခြင်းဖြစ်ပြီး ဒိန်းမတ်လူ့အခွင့်အရေးအင်စတီကျုနှင့် ယူကေအခြေစိုက် လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းအင်စတီကျုတို့ ပူးပေါင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။ www.mcrb.org.mm

မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းရေးအတွက် အသိပညာ၊ စွမ်းအားအရင်းအမြစ်နှင့် တွေ့ဆုံဆွေးနွေးမှုများ ဖန်တီးနိုင်ရန် ဥပဒေနှင့် ညီညွတ်ပြီး ထိရောက်သည့် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပေါ်လာစေလိုသည့် ရည်ရွယ်ချက်ဖြင့် ဤစင်တာကို ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ပိုမိုတာဝန်ယူမှုရှိလာမည့် စီးပွားရေး အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ဒေသတွင်းလိုအပ်ချက်နှင့် နိုင်ငံတကာစံနှုန်းများကို အခြေခံထားခြင်း ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် အစိုးရတို့နှင့် အတူလက်တွဲ လုပ်ဆောင်နိုင်မည့် ဘက်မလိုက်သည့် အခြေခံတစ်ခု ဖြစ်လာရန် ရည်ရွယ်သည်။

# ပူးတွဲဥက္ကဋ္ဌများထံမှ သတင်းစကား

မြန်မာနိုင်ငံတွင် ဩဂုတ်လ ၂၀၁၅ ခုနှစ်က ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာတွင် ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းအနေဖြင့် မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများမှ ရေဘေး ကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များကျရောက်ရာတွင် ပြင်ဆင်မှုများအတွက် မည်သို့ထောက်ပံ့နိုင်ကြောင်း ဆွေးနွေးရန် အဖွဲ့ဝင်ကုမ္ပဏီများ၊ ဦးဆောင် NGO များ ပါဝင်သည့် အခမ်းအနားတစ်ခုကို ရန်ကုန်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် လူသားချင်းစာနာမှုထောက်ပံ့ရေးအပြင် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုတွင် စီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍအကြောင်းအထိ ဆွေးနွေးခဲ့ကြသည်။ ဤတွေ့ဆုံဆွေးနွေးမှုမှရလဒ်အနေဖြင့် ဩစတြေးလျ-မြန်မာကုန်သည်များ အသင်းမှ ဦးဆောင်ဦးရွက်ပြုသော တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့ ဖြစ်ပေါ်လာစေခဲ့သည်။

လုပ်ငန်းအဖွဲ့၏ ရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်း ဆိုသည်မှာ ဘာကိုဆိုလိုသည်၊ ကုမ္ပဏီများက မြန်မာအစိုးရအပါအဝင် ဆက်စပ်လုပ်ကိုင်သူများနှင့် တာဝန် ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းမြှင့်တင်ရန် မည်သို့လုပ်ဆောင်နိုင်သည်ကို ဆွေးနွေးရန် ဖြစ်သည်။ သို့သော် ၎င်းမှာ စီးပွားရေးလုပ်ငန်းရှုထောင့်တစ်ခုတည်းအတွက်တော့ မဟုတ်ပါ။ ၎င်းသည် စီးပွားရေး လုပ်ငန်းများနှင့် NGO များအကြား စစ်မှန်သည့် မိတ်ဖက်ဖွဲ့စည်းမှုတစ်ခုဖြစ်ပြီး အကျိုးစီးပွားမျှဝေခြင်း (shared value) အား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၎င်းတို့အကြား ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်စေသည်။

ကမ္ဘာတလွှားရှိ အစိုးရများကလည်း ပုဂ္ဂလိကနှင့် NGO ကဏ္ဍများအကြား မိတ်ဖက်ဖွဲ့ခြင်းကို ပို၍ ပို၍ အားပေးလာကြသည်။ သို့ဖြစ်၍ ဤလုပ်ငန်းအဖွဲ့အနေဖြင့် ဩစတြေးလျအစိုးရအား ကိုယ်စားပြုခွင့်ရခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့ အနေဖြင့် ကဏ္ဍတစ်ခုစီတိုင်းသည် မတူညီသောအသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအမြင်များကို ဖော်ဆောင်နိုင်ကြောင်း ယုံကြည်ကာ အကျိုးဆက်အနေဖြင့် အပြုသဘော အကျိုးရလာဒ်တစ်ခုကို  ဖန်တီးနိုင်ပြီး မိမိတို့၏ စွမ်းရည်များကိုပါ မြင့်တက်စေနိုင်ကြောင်း နားလည်ပါသည်။

ဤလုပ်ငန်းအဖွဲ့တွင် ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူကြခြင်းသည် မိမိတို့ နှစ်ဖွဲ့၏ မိတ်ဖက်ဖွဲ့စည်းမှု ပုံစံအား ထင်ဟပ်စေသည်။ အဖွဲ့ဝင် ၁၀၀ နီးပါးရှိသည့် ကွန်ယက်အဖြစ် ဤအသင်းသည် အကောင်းဆုံး အလေ့အကျင့်စံနှုန်းများ ဖြစ်ပေါ်ရန် ကူညီပံ့ပိုးပေးသူအဖြစ် ဆောင်ရွက်ပြီး၊ နိုင်ငံကောင်းကျိုး အတွက် စီးပွားရေးလုပ်ငန်းအသိုင်းအဝန်းက ပြန်လည်မျှဝေပေးလိုသည့် အသိပညာများကို ထပ်ဆင့် ပြန့်ကြားပေးသူအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ MCRB သည် တာဝန်ယူမှုရှိသည့် စီးပွားရေး ကျင့်ဝတ်ဆိုင်ရာကျွမ်းကျင်မှုစွမ်းရည်နှင့် မြန်မာနိုင်ငံရှိ လုပ်ငန်းကဏ္ဍအမျိုးမျိုးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုမျိုးစုံကို လေးလေးနက်နက် နားလည်စေ ရန်ထောက်ပံ့ပေးလျက်ရှိသည်။ နှစ်ဘက် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံသမိုင်းတွင် အရေးပါသည့် ဆုံမှတ်ကာလတစ်ခု၌ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုပိုင်းတွင် တိုးတက်ခြင်းက မြန်မာနိုင်ငံ အနာဂတ်အတွက် အဓိကကျကြောင်း၊ ယုံကြည်သည်နှင့်အမျှ ဤမိတ်ဖက်ဆောင်ရွက်မှုသည် မိမိတို့ ၏အောင်မြင်မှုအတွက် အရေးပါလှသည်။

မိမိတို့ မျှော်လင့်သည်မှာ ယခုအစပြုဆောင်ရွက်မှုသည် ဆွေးနွေးပြောဆိုမှုများ၏ အစဖြစ်ပြီး အစိုးရနှင့်သာမဟုတ်၊ စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းနှင့် စက်မှုလုပ်ငန်းကဏ္ဍအလိုက် ဦးဆောင်သူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းအပြင် သက်ဆိုင်သူများအားလုံး ပါဝင်စေလိမ့်မည် ဖြစ်သည်။ မိမိတို့လုပ်ငန်းအဖွဲ့သည် သက်ဆိုင်ရာကဏ္ဍများမှ ပါဝင်ပတ်သတ်သူများနှင့် ဆွေးနွေးဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး ရလဒ်အနေဖြင့် စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ ရင်နှီးမြှုပ်နှံမှုကဏ္ဍအပေါ်တွင် ကောင်းမွန်သောအကျိုးဆက်များ ဖြစ်ပေါ်လာစေရေးအတွက် အထူးပင် စိတ်ဝင်စားမှုများနှင့် စိတ်ထားကောင်းများရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ယခုစာတမ်းသည် ကုန်သည်များအသင်း (AMCC) အတွက် ရည်မှန်းချက်တစ်ခုကဲ့သို့ဖြစ်စေပြီးရှေ့လာမည့် လများအတွင်း ပိုမိုကျယ်ပြန့်သော ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်လာနိုင်စေမည်ဖြစ်ကာ ၎င်းမှတဆင့် ဖက်ပေါင်းစုံမှ အရေးပါသော အမြင်များအား သေချာစွာနားလည် သဘောပေါက် စေလိမ့်မည်။

ယခုတင်ပြသည့်အစီရင်ခံစာ ရရှိသည့်တိုင်အောင် အသိပညာနှင့် အတွေ့အကြုံများစွာ မျှဝေဆွေးနွေး လမ်းညွှန်ပေးခဲ့ကြသည့် အဖွဲ့ဝင်များနှင့် အတူတကွလုပ်ကိုင်ခွင့် ရရှိခဲ့သည့်အတွက် မိမိတို့ အနေဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ စိတ်အားထက်သန်စွာ မဆုတ်မနစ် ဆောင်ရွက်ပေးခဲ့ကြသည့် အဖွဲ့ဝင်တစ်ဦးချင်းစီအား မိမိတို့အနေဖြင့် ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Verity Lomax
*CEO*
***Australia-Myanmar Chamber of Commerce***

Vicky Bowman
*Director*
***MCRB***

တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ အစိုးရ၏ ရည်မှန်းချက်ဖြစ်ပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှု မြှင့်တင်ရေး လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီမှုကို တစိုက်မတ်မတ် ပြုလုပ်ရန် သန္နိဋ္ဌာန် ချမှတ်ပြီး ဖြစ်ပါသည်။



Tom Renny
*Chief Representative*
***AIA Group***



Sacha Bootsma
*Country Manager*
***Australian Red Cross***



Allen Jennings
*Country Director*
***AVI***



Mark Pruden
*Country Manager*
***Cardno***



Stav Zotalis
*Country Director*
***CARE Myanmar***



Guy Williams
*Country Manager*
***Coffey***



Amber Cernovs
*First Secretary*
***Australian Embassy***



Thet Aung Min Latt
*Managing Director*
***Diamond Intelligence***



Sett Hlaing
*General Manager – Head of Legal & Compliance*
***KBZ Group***



Mark Lewis
*General Manager*
***Roche***

Nicholas Ramsden
*Regional Director*
***Montrose***

Kelland Stevenson
*Country Director*
***Save the Children***

Daniel Clery
*Country Manager*
***Woodside***

Anastacia Howe
*Head of Corporate Social Responsibility and Communications*
***MPRL E&P Ltd***

Michael Phin
*Head of Finance*
***Valentis***

Suresh Bartlett
*Director*
***World Vision***

# ကျေးဇူးတင်လွှာ

ဤစာတမ်းသည် “အကျိုးစီးပွားမျှဝေခြင်း” Shared Value စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန် အယူအဆကို စိတ်ဝင်တစားရှိခဲ့ကြသည့် မြန်မာနိုင်ငံရှိ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆွေများစွာတို့၏ ထောက်ပံ့မှု၊ ကူညီမှုတို့ဖြင့် ပြုစုခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ ဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး မစ္စတာနိကိုးလတ်စ်ကော့ပယ်ထံမှ ထောက်ခံ အကြံပြုချက် များကို လုပ်ငန်းအဖွဲ့က အထူးကျေးဇူးတင်ရှိပါသည်။ ထို့အတူ ကျွန်ုပ်တို့သည် UMFCCI တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ DICA ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့၏ အားပေးပံ့ပိုးမှုအတွက်လည်း အထူးကျေးဇူးတင်ရှိကြောင်း အသိပေးပြောကြားလိုပါသည်။ အဆုံးသတ်တွင် ဤစာတမ်းဖြစ်မြောက်ရေး အတွက် ပံ့ပိုးခြင်း၊ သုတေသနပြုစုခြင်းနှင့် ရေးသားခြင်းတို့ လုပ်ဆောင်ပေးခဲ့ရာတွင် စေတနာဖြင့် ဆောင်ရွက်ပေးသူများ ဂျန်းနီလီ (AVI ပံ့ပိုးမှုဖြင့်)၊ တေလာဟာဗီ၊ ဒွန်နာနိုင်နှင့် ထွေးထွေးသိန်းတို့အပြင် အကူအညီပေးခဲ့သည့် အခြားသောသူများအား ကျေးဇူးတင်ရှိပါသည်။

# အကြံပြုချက်များ

လုပ်ငန်းအဖွဲ့၏ အတွေ့အကြုံနှင့် လေ့လာထားသည့် သင်ခန်းစာများအရ သြစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်း၏ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့ အနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ မြန်မာစီးပွားရေးလုပ်ငန်းများနှင့် တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးစီးပွားမျှဝေမှု ဖော်ဆောင်ခြင်း (Creating Shared Value) အား မည်သို့ အားပေး ဆောင်ရွက်ရမည် ဆိုသည်ကို စိတ်ဝင်စားကြသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အောက်ပါအတိုင်း အကြံပြုချက်များ တင်ပြအပ်ပါသည်။

## မန်မာနိုင်ငံအစိုးရအတွက် ထောက်ခံအကြံပြုချက်များ

- တာဝန်ယူမှုရှိသည့် စီးပွားရေးကျင့်ဝတ်ဖြစ်ထွန်းစေရန် အရေးပါပြီး တီထွင်ဆန်းသစ်မှုကို အထောက်အကူပြုနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်၊ လူမှုနှင့် စီမံအုပ်ချုပ်မှု စည်းမျဉ်းဥပဒေများ အကောင်အထည်ဖော်ခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းကိစ္စကို အားကောင်း အောင် လုပ်ဆောင်သင့်ပါသည်။
- နိုင်ငံခြားသားကုမ္ပဏီဖြစ်စေ၊ မြန်မာကုမ္ပဏီဖြစ်စေ ၎င်းတို့၏သက်ဆိုင်ရာ နိုင်ငံတကာ စံနှုန်းများနှင့် လုပ်ဆောင်မှုများအပါအဝင် မည်သို့ တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံသည်ကို ဆက်သွယ်ပြောကြားရန် ကုမ္ပဏီများကို တက်ကြွစွာ အားပေးသင့်သည်။
- ကုမ္ပဏီများကို တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံရန်နှင့် အကျိုးစီးပွားမျှဝေမှု ဖော်ဆောင်ရန်မည်သို့ အကောင်းဆုံးအားပေးနိုင်ကြောင်း ပြန်လည်သုံးသပ်ရန် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ကို အသစ်ပြန်လည်ဖွဲ့စည်းရာတွင် အခွင့်အလမ်း အဖြစ် အသုံးချပါ။ ယင်းသို့ပြန်လည်သုံးသပ်ချက်တွင် ပါဝင်သင့်သည်အချက်တို့မှာ-
    - (အသုံးစရိတ်သုံးစွဲမှုပြည့်မီရေးတွင်သာ အဓိက ထားခဲ့သည့်) ယခင်နည်းလမ်းကို ပြန်လည်ဆန်းစစ်သင့်သည်။
    - အစိုးရ အဖွဲ့တွင်း ဖြစ်စေ၊ ကုမ္ပဏီများ၊ နိုင်ငံတော်ပိုင်လုပ်ငန်းများ၊ လွှတ်တော်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ဖြစ်စေ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုအား မည်သို့ မြှင့်တင်ရန်နှင့် အကျိုးစီးပွားမျှဝေမှုမည်သို့ ဖော်ဆောင်မည်ဆိုသည်အကြောင်း အမျိုးသားအဆင့် ဆွေးနွေးပွဲများနှင့် တိုင်ပင်နီးနှောဖလှယ်ပွဲများ စတင် ပြုလုပ်ပေးသင့်သည်။
    - အခွန်ရရှိမှုပမာဏ၊ ငွေကြေးထောက်ပံ့မှု၊ ထုတ်ဖော်ခြင်း/ အစီရင်ခံခြင်းဆိုင်ရာလိုအပ်ချက်များ၊ လူသိရှင်ကြား အသိအမှတ် ပြုခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အဆင့်သတ်မှတ်ပေးခြင်းကဲ့သို့ မက်လုံးများတွင် အားသာချက်နှင့် အားနည်းချက်များ ရှိနိုင်သည်ကို သုံးသပ်သင့်သည်။
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ် အတည်ပြုသည့်အခါ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုကို အားပေးနိုင်သည့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ချဉ်းကပ်နည်းသစ်တစ်ခု ဖြစ်ပေါ်လာစေမည့် မူဝါဒနှင့် လမ်းညွှန်မှု ပြဋ္ဌာန်းသင့်သည်။

## စီးပွားရေးလုပ်ငန်းများအတွက် ထောက်ခံ အကြံပြုချက်

- အောက်ပါ နည်းလမ်းများအသုံးပြု၍ မြန်မာနိုင်ငံသားများအတွက် အကျိုးစီးပွားမျှဝေမှု ဖော်ဆောင်ရန်-
    - ပြည်ပမှ အတွေ့အကြုံများ အသုံးချခြင်းနှင့် NGO များအပါအဝင် သက်ဆိုင်ရာ လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် အခြားသော ပါဝင်သက်ဆိုင်သူများနှင့် ချိတ်ဆက်လုပ်ကိုင်ရန်
    - မြန်မာနိုင်ငံဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြေရှင်းရန် ထုတ်ကုန်များနှင့် ဈေးကွက်များအတွက် ပြန်လည်သုံးသပ်မှု ပြုလုပ်ရန်
    - မြန်မာနိုင်ငံအသေးစားနှင့် အလတ်စား လုပ်ငန်းများအား စွမ်းရည်မြှင့်တင် တည်ဆောက်ခြင်းနှင့် ၎င်းအကြားချိတ်ဆက်မှုများ ပြုလုပ်ရန်

## NGO များ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများထံ ထောက်ခံအကြံပြုချက်များ

- မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့် စီးပွားရေး လုပ်ငန်းများအား ရှာဖွေဖော်ထုတ်ကာ မိတ်ဖက်အဖြစ် ဖွဲ့စည်းသင့်သည်။ အကျိုးစီးပွားမျှဝေမှု လုပ်ဆောင်မှုအား စီးပွားရေးလုပ်ငန်းများကြောင့် ထိခိုက်နစ်နာမှုများရှိသည့် လူထုအသိုင်းအဝိုင်းများအတွင်း ဖော်ဆောင်ပေးရန်။ ၎င်းအစီအစဉ်အား အခြားသော ထိလွယ်ရှလွယ်ရှိပြီး ချို့တဲ့သော အသိုင်းအဝိုင်းများ အတွက်လည်း ဖော်ဆောင်ပေးသင့်ပါသည်။

# ၁။ လတ်တလော အခင်းအကျင်း

“ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားလိုက်သည့်အခါ ဖြစ်ထွန်းလာမည့် ရင်းနှီးမြှုပ်နှံမှုသည် တာဝန် ယူမှု ရှိသင့်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို အထောက်အကူ ပြုသင့်သည်”

ဒေါ်အောင်ဆန်းစုကြည်
နိုင်ငံတော် အကြံပေးပုဂ္ဂိုလ်

၂၀၁၆ ခုနှစ် ပထမနှစ်ဝက်တွင် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့၏ အဓိက လုပ်ငန်းစဉ်မှာ အကျိုးစီးပွားမျှဝေခြင်းကို အားပေးဆောင်ရွက်ရန်နှင့် ကော်ပိုရိတ်နှင့် NGO အဖွဲ့အစည်းများအကြား ကာလရှည် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည်အထိ ရင်းနှီးဆက်သွယ်မှုဖွံ့ဖြိုးစေရန် ဖြစ်သည်။ လုပ်ငန်းအဖွဲ့သည် ဩစတြေးလျနှင့် မြန်မာနှစ်နိုင်ငံတို့ရှိ သက်ဆိုင်ရာ အြာဆိုပါကိစ္စရပ် များနှင့် စပ်လျဉ်းသည့် အသေးစိတ်လေ့လာမှု (case studies) များအား ဖော်ထုတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ၎င်းသည်မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက် စိတ်အားတက်စေမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး အချို့သော လေ့လာတွေ့ရှိချက်များကိုလည်း ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ၎င်းအပြင် လုပ်ငန်းအဖွဲ့သည် စီးပွားရေးလုပ်ငန်းများ၏ ကျင့်ဝတ်သိက္ခာ/အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့နှင့် သက်ဆိုင်သည့် အတွေ့အကြုံ များကိုလည်း မျှဝေပေးခဲ့ကာ ၎င်းအကြောင်းအရာများအား ရှေ့ဆက်ပြုလုပ်မည့် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး ခေါင်းစဉ်အောက်တွင် အဓိကထားဆွေးနွေးမှုပြုလုပ် သွားမည် ဖြစ်သည်။

အစိုးရသစ်သည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုကို အားပေးရန် ဆုံးဖြတ်ထားပြီးဖြစ်သည့် အစိုးရဖြစ်သည့်အလျောက် ဆင်းရဲမွဲတေမှုနှင့် အခြားသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိန်ခေါ်ချက်များအား ဖြေရှင်းရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ကူညီမှု လိုလားမည် ဖြစ်သည်။ ထို့ကြောင့် ယခုအချိန်သည် မြန်မာအစိုးရနှင့် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) အသစ်တို့က တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံပြီး ‘အကျိုးစီးပွားမျှဝေခြင်း ဖော်ဆောင်ပေးနိုင်သည့်’ စီးပွားရေးလုပ်ငန်း အသိုက်အဝန်း ကျယ်ပြန့်စွာ ဖြစ်ထွန်းစေရန် မည်သို့ မက်လုံးပေးစွဲဆောင်နိုင်သည်ကို သုံးသပ်ခွင့် ရနေပြီဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်သည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်ထွန်းရေးကို အထူးအသားပေး ရေးဆွဲစီစဉ်ထားပါသည်။ အခန်း ၂ အခန်းခွဲ ၃[1] တွင် ဥပဒေမူကြမ်း၏ ရည်ရွယ်ချက်များကို ချမှတ်ပြထားသည်-

(က) ပြည်ထောင်စုနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှု ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှု မြှင့်တင်ရန်

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရန်

(ဂ) တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းစေရေး မြှင့်တင်ဆောင်ရွက်ရန်

(ဃ) ပြည်ထောင်စုနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်

(င) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်

(စ) စက်မှုလက်မှုလုပ်ငန်းစုနှင့် နည်းပညာကဏ္ဍများ တိုးတက်ရေး မြှင့်တင်ရန်

(ဆ) အခြေခံ အဆောက်အဦ တိုးတက်ရေးအပါအဝင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးရေးအတွက် နည်းလမ်းမျိုးစုံဖြင့် မြှင့်တင်ရန်

(ဇ) နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ပေါ်ထွန်းလာရေး အားပေးရန်

ထို့ပြင် အခန်း ၆ ပုဒ်မ ၂၇ တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် 'တာဝန်ယူမှု ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်များ လက်တွေ့ဖြစ်မြောက်စေသည့် ရင်းနှီးမြှုပ်နှံမှုတို့ အားပေးရေးနှင့်စပ်လျဉ်းသည့် မူဝါဒပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအား အကြံပေးရန် '၊ 'ကော်မရှင်တာဝန်ရှိသူများထံ မူဝါဒလမ်းညွှန်ချက် သို့မဟုတ် အကြံပြုချက်များ ပေးရန်' တာဝန်ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို လုပ်ပိုင်ခွင့် ပေးအပ်ထားပါသည်။

သို့ဖြစ်၍ ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အသစ်၏ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ပိုင်ခွင့်အား ဆက်လက်ဖော်ဆောင် ရာတွင် အထောက်အပံ့ဖြစ်စေရန် ဤစာတမ်းကို ပြုစုခဲ့ခြင်းဖြစ်သည်။

# ၂။ စီးပွားရေးလုပ်ငန်းများ၏လူမှုတာဝန်ယူမှု (CSR)

## စီးပွားရေးလုပ်ငန်းများ၏လူမှုတာဝန်ယူမှု (CSR) ဆိုသည်မှာ

စီးပွားရေးလုပ်ငန်းများ၏လူမှုတာဝန်ယူမှု (CSR) ၏ ဖွင့်ဆိုချက်နှင့် သဘောတရားမှာ ကမ္ဘာတလွှား အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည်။ CSR ဆိုသည့် ဖွင့်ဆိုချက်အကြောင်း တက်ကြွစွာ ငြင်းခုံဆွေးနွေးမှု ရှိသည့်အပြင်၊ နာမည်ကောင်းမြှင့်တင်ခြင်း၊ ပါဝင်ပတ်သက်သူများနှင့် ဆက်စပ်လုပ်ကိုင်ရာတွင် အခက်တွေ့နိုင်ချေ လျှော့ချခြင်းနှင့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် လူထုသဘောတူကြည်ဖြူခွင့်ပြုမှုရရှိရေး (A Social Licence to Operate) လုပ်ဆောင်ခြင်းတွင် ၎င်း၏ ပါဝင်မှုကဏ္ဍကိုလည်း တက်ကြွစွာ ငြင်းခုံဆွေးနွေးကြသည်။ အစု ရှယ်ယာရှင်များနှင့် အခြားဆက်စပ်လုပ်ကိုင်သူများအတွက် CSR က တန်ဖိုးများ ဖန်တီးခြင်းနှင့် မည်သို့ဖန်တီး နိုင်သည်ကိုလည်း ဆွေးနွေးမှုရှိသည်။

အချို့ကုမ္ပဏီများ (အထူးသဖြင့် မြန်မာကုမ္ပဏီများ အပါအဝင် အာရှတိုက်ရှိ ကုမ္ပဏီများ) မှာ CSR ကို ပင်မစီးပွားရေးလုပ်ငန်းနှင့် မပတ်သက်ဟု မကြာခဏဆိုသလို ထင်မြင်နေတတ်ပြီး စုပေါင်းကုသိုလ်ဖြစ် ပရဟိတအဖြစ်သာ ချဉ်းကပ်တတ်သည်။ ၎င်းသည် ငွေကြေးထောက်ပံ့ မှု ပေးသည့် ဖောင်ဒေးရှင်းတည်ထောင်ခြင်း သို့မဟုတ် ဝန်ထမ်းများကစေတနာ့ဝန်ထမ်း အဖြစ် ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ အချို့က ၎င်းကို "CSR 1.0" အဖြစ် ယခုအခါ ပုံဖော်သတ်မှတ်နေကြသည်။ CSR 1.0 ဆိုသည်မှာ "ကုမ္ပဏီများအတွက် လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးထူထောင်ရန်၊ ကုသိုလ်ဖြစ်လုပ်ငန်းများ လမ်းကြောင်းရန်နှင့် ၎င်းတို့ပုံရိပ် စီမံခန့်ခွဲနိုင်ရန် စနစ်တစ်ခု" အဖြစ် ဖော်ပြထားပြီးဖြစ်သည်။[2]

CSR အယူအဆသည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ရံဖန်ရံခါ "CSR 2.0"အဖြစ် ရည်ညွှန်းသည့် ဖွင့်ဆိုချက်အဖြစ်သို့ အဆင့်ဆင့် ပြောင်းလဲလာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဥရောပသမဂ္ဂက စုပေါင်း လူမှုတာဝန်ယူမှုကို "လူ့အဖွဲ့အစည်းအပေါ် မိမိတို့သက်ရောက်မှုများအတွက် လုပ်ငန်းများ၏ တာဝန်ယူမှု" ဟု ဖွင့်ဆိုခဲ့သည်။ ဤအချက်က CSR ကို ကုမ္ပဏီနှင့် လူ့မှုဝန်းကျင် နှစ်ခုလုံးအတွက် တန်ဖိုးဖန်တီးနိုင်ပြီး ကာကွယ်ပေးနိုင်သည့် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းဆောင်တာများ အားလုံး အဖြစ် စုစည်းထားသည့် မဟာဗျူဟာတစ်ခုအဖြစ် ရပ်တည်စေခဲ့သည်။ ဤသို့ CSR အား ကျယ်ကျယ်ပြန့်ပြန့်အဓိပ္ပါယ်ဖွင့်ဆိုခြင်းဖြင့် CSR ကို တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းကျင့်ဝတ်များအဖြစ်ဖော်ဆောင်နိုင်သည်။ အဆိုပါကျင့်ဝတ်များ၌ လုပ်ငန်းတွင်းဆိုင်ရာ မူဝါဒများ၊ ဥပဒေကြောင်းအရလိုက်နာဆောင်ရွက်မှုများ၊ ဥပဒေထက်သာလွန်သော ကျင့်ဝတ်များပါသည်။ ၎င်းတွင် ကုမ္ပဏီအကျိုးအမြတ်ကို ရရှိယုံသာမက လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် (အကျိုးစီးပွားဝေမျှခြင်း creating shared value - အောက်တွင် ကြည့်ရှုပါ။) စီးပွားရေးလုပ်ငန်း မဟာဗျူဟာများ နှင့် ရင်းနှီးမြှုပ်မှုများ ဖွံ့ဖြိုးရေးလည်း ပါဝင်သည်။[3]

CSR ဖွင့်ဆိုချက်အပေါ် ရောထွေးမှုကြောင့် အဓိကကုမ္ပဏီကြီးများစွာသည် ယခုအခါ CSRအသုံးအနှုန်း ကို ရှောင်ရှားနေကြသည်။ ယင်းအစား သူတို့က 'တာဝန်ယူမှုရှိသည့် စီးပွားရေးကျင့်ဝတ်'၊ 'လူမှုလုပ်ဆောင်ချက်'၊ 'လူမှုအဖွဲ့အစည်း ရင်းနှီးမြှုပ်နှံမှု'၊ 'စုပေါင်းနေထိုင်လုပ်ကိုင်မှု'၊ 'ရေရှည် တည်တံ့မှု'၊ သို့မဟုတ် 'အကျိုးစီးပွားမျှဝေခြင်း' ကဲ့သို့ အခေါ်အဝေါ်များသာ သုံးစွဲနေကြသည်။ ASEAN-CSR အဖွဲ့ စီအီးအို သောမတ်စ် သောမတ်စ်က မကြာသေးမီက မှတ်ချက်ပြုခဲ့သည်က "CSR ဆိုတဲ့ စကားလုံးအပေါ် အားပျော့စေတဲ့အချက်အချို့ ရှိလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ 'တာဝန်ယူမှုရှိတဲ့ စီးပွားရေးကျင့်ဝတ်' လို့ သုံးစွဲဖို့ ကြိုးစားလာရတယ်။ တာဝန်ယူမှုရှိတယ်လို့ အပြောမခံရတာကို စီးပွားရေးလုပ်ငန်းတွေက စိတ်မဆိုးကြပေမယ့် တာဝန်မဲ့တယ်လို့တော့ အပြောခံရမှာကိုတော့ သူတို့အားလုံးက မလိုလားပါဘူး။"[4]

| **အဖွဲ့အတွင်း ကျင့်ဝတ်နှင့်ညီသည့် အလေ့အကျင့်များ** | **လူမှုရေးရင်းနှီးမြှုပ်နှံမှု** | စီးပွားရေးသက်သက် လုပ်ငန်းများ |
|---|---|---|
| ကုမ္ပဏီ အရင်းအမြစ်များအပေါ် သက်ရောက်သည့် အဖွဲ့တွင်း အဓိကထားသည့် လုပ်ငန်းများ (ဥပမာ- မတူကွဲပြားစုံလင်မှု၊ ကျန်းမာရေးနှင့် လုံခြုံရေး လုပ်ဆောင်မှုများ၊ အခွင့်အရေး တန်းတူရရှိမှု၊ | ကောင်းမွန်သည့် လူမှုရေးတန်ဖိုးများကို ဖန်တီးပေးသည့် ကော်ပရေးရှင်းများ၏ ကျယ်ပြန့်သည့်လုပ်ဆောင်ချက်များ သို့ရာတွင်ရည်ရွယ်ချက်၊ ပါဝင်ပတ်သက်မှုနှင့် မျှော်လင့်သည့်ရလာဒ်များတွင်ကွဲပြားမှုရှိသည် | လူမှုတန်ဖိုးများ ဖန်တီးရေးတွင် တိတိပပ သို့မဟုတ် ပြည့်ပြည့်စုံစုံ အဓိကထားခြင်း မရှိသည့် အမြတ်ရ လုပ်ငန်းများ (Milton friedman ၏ ချည်းကပ်ပုံ) |

| **အစဉ်အလာ ပရဟိတလုပ်ငန်း** | **အကျိုးတူ ပရဟိတလုပ်ငန်း** | **လူထုရင်းနှီးမြှုပ်နှံမှု** | **အကျိုးစီးပွားမျှဝေခြင်း** | **အကျိုး သက်ရောက်မှု ရှိသည့် ရင်းနှီးမြှုပ်နှံမှု** |
|---|---|---|---|---|
| ရင်းနှီးမြှုပ်နှံသူ ပါဝင်မှု မရှိ သို့မဟုတ် နည်းပါးသည့် ကုသိုလ်ဖြစ် ပရဟိတ လုပ်ငန်းသီးသန့်သို့မဟုတ် အကူအညီ ပေးခြင်း လုပ်ငန်း | ရင်းနှီးမြှုပ်နှံသူ ပါဝင်မှု မြင့်မားသည့် ပရဟိတ | ရေရှည်တွင် ရင်းနှီးမြှုပ်နှံသူအား သွယ်ဝိုက်၍ အကျိုး ခံစားခွင့်ရှိစေသည့် လူမှုရေး ရင်းနှီး မြှုပ်နှံခြင်း | လူမှုအကျိုးစီးပွားနှင့် တိုက်ရိုက် စီးပွားရေးအကျိုးစီးပွား ရရန် အကျိုးစီးပွားကွင်းဆက် သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှု | လူမှုအကျိုး သက်ရောက်မှု အတွက် ပင်မ ယန္တရား အဖြစ် ငွေကြေး ရင်းနှီးမြှုပ်နှံခြင်း |

**Corporate responsibility framework**




Source: A.T. Kearney analysis

နွေးထွေးသော နှလုံးသား ဖောင်ဒေးရှင်း (Warm Heart Foundation) ဒါရိုက်တာ မိုက်ကယ်ရှာဖာကလည်း CSR ကို ကုမ္ပဏီလုပ်ငန်းများအတွက် ခိုင်မာပြီး ပင်မကျသည့် စကားရပ်အဖြစ် ဖွင့်ဆိုနိုင်သည့် နည်းကိုရှာဖွေတွေ့ရှိခဲ့သည်-

"CSR သည် ကုမ္ပဏီ၏ စုပေါင်းကုသိုလ်ဖြစ်ပရဟိတအလုပ်၊ အုပ်ချုပ်ရေးနှင့် ကုမ္ပဏီ၏လျှော့လျဲသော အဓိကမကျသော အပိုင်းအဖြစ်မှ ကုမ္ပဏီ၏ ဗဟိုချက်မလုပ်ငန်းစဉ် ဖြစ်သည့် စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးရေးအဖြစ်သို့ ပြောင်းလဲသင့်ပြီ ဖြစ်သည်။

အနာဂတ်စီမံကိန်းချမှတ်ထားသည့် ကုမ္ပဏီများက ဘာကို အဓိကထားသနည်း။ ပံ့ပိုးမှု (မည်မျှ ပမာဏ၊ ရရှိနိုင်သည့် စွမ်းရည်၊ အနာဂတ်ဖူလုံရေး)၊ စရိတ်လျှော့ချခြင်း (ထုတ်လုပ်ရေး၊ ဖြန့်ဝေခြင်း၊ အညစ်အကြေးစွန့်ပစ်စနစ်၊ လူ့စွမ်းအားရင်းနှီးမြှုပ်နှံမှု၊ လေ့ကျင့်သင်ကြားပြီးသော လူစွမ်းအားအရင်းအမြစ် ရရှိနိုင်ခြင်း)၊ လိုအင် (ဈေးကွက်သစ်များ ဖွင့်လှစ်ခြင်း)နှင့် စားသုံးသူများ (ကုန်အမှတ် တံဆိပ်၊ သစ္စာစောင့်သိမှု၊ စေတနာ)။ ထို့နောက် အနာဂတ်အတွက် ရည်မှန်း စီစဉ်ထားသည့် ကုမ္ပဏီများသည် အနာဂတ်တွင် အကျိုးအမြတ် ရရှိစေနိုင်သည့် ရင်းနှီး မြှုပ်နှံမှုများ ပြုလုပ်ကြသည်။

ကုမ္ပဏီများသည် CSR ကို လိုက်နာဆောင်ရွက်သင့်သည်ဖြစ်ရာ CSR သည် ၎င်းကုမ္ပဏီများ၏ ကိုယ်ပိုင်အနာဂတ်အကျိုးနှင့် လူမှုအဖွဲ့အစည်းများ၏ အနာဂတ်အကျိုးအတွက် ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။[5]

အလားတူပင် ၂၀၁၁ ခုနှစ်တွင် ဟားဗဒ်တက္ကသိုလ်မှ ပါမောက္ခ မာ့ခ်ခရာမာနှင့် မစ်ခေး ပေါ်တာတို့ကလည်း "အကျိုးစီးပွားမျှဝေမှုကို ဖော်ဆောင်ခြင်း" (Creating Share Value) ဟု သူတို့ခေါ်ဆိုသည့် ဉာဏ်ချဉ်းကပ်နည်းတစ်ခု အဆိုပြုခဲ့ကြသည်။[6] ၎င်းသည် ကုမ္ပဏီနှင့် လူမှုအဖွဲ့အစည်း နှစ်ခုလုံးအတွက် တန်ဖိုး ဖြစ်ထွန်းစေသည့် လူမှုနှင့် လူမှုအဖွဲ့အစည်းရင်းနှီးမြှုပ်နှံမှုကို အဓိက ထားသည်။ ဤစီမံခန့်ခွဲမှု မဟာဗျူဟာတွင် ကုမ္ပဏီများသည် ၎င်းတို့၏ စီးပွားရေးနှင့် စပ်ယှက်သည့် လူမှုရေး ပြဿနာများကို ဖော်ထုတ်ဖြေရှင်းသည်။ အောက်ဖော်ပြပါ ယူနီလီဗာလေ့လာမှုတွင် ပြဆိုသည့် အတိုင်း ယင်းသို့သော အစီအစဉ်များသည် ကုမ္ပဏီအတွက် တန်ဖိုးဖန်တီးပေးပြီး လိုအပ်သည့် ငွေကြေးထပ်ဖြည့်နေရသည့် ငွေကြေးကျပ်တည်းသည့်အခါ ဖြတ်တောက်ခံရ နိုင်သည့် သီးခြား ပရဟိတရန်ပုံငွေအဖွဲ့များအဖြစ်လည်း အမြင်မခံရသည်ဖြစ်ရာ ယင်းက ဒေသတွင်းအစိုးရများ၊ အဖွဲ့အစည်းများ၊ လူထုနှင့် စေတနာကောင်း ရလာဒ်ကောင်းများ၊ တိုင်းတာ၍ရသည့် စီးပွားရေးတန်ဖိုးများ ကို ဖန်တီးပေးသည်။ ကုမ္ပဏီများကလည်း လူမှုကိစ္စရပ်များကို ရေရှည်တည်တံ့သည့် နည်းဖြင့် ဖြေရှင်းခွင့်ရသည်။

## ယူနီလီဗာ၏ ရေရှည်တည်တံ့သည့် လူနေမှုအစီအစဉ်- လူတစ်ကိုယ် ဆပ်ပြာတစ်တုံး

၂၀၀၂ ခုနှစ်တွင် တစ်ကိုယ်ရည်သန့်ရှင်းမှုအားနည်းခြင်းကြောင့် ဆင်းရဲသည့်အိန္ဒိယကျေးလက် ဒေသများတွင် ကျန်းမာရေးပြဿနာများဖြစ်ပေါ်နေသည်ကို ဖြေရှင်းသည့်အနေဖြင့် ယူနီလီဗာသည် တစ်ရက်တစ်ကြိမ်ခန့် ရက်သတ္တပတ် ၁၀ ပတ်ကြာ လက်များ ဆေးကြောရန် လူတစ်ယောက်လျှင် ၁၈ ဂရမ်အလေးချိန်ရှိ Lifebuoy ဆပ်ပြာတုံးတစ်ခုကို ၂ ရူပီတန်ကြေးဖြင့် (USD ၀.၀၃ ခန့်) ပေးမည့် အစီအစဉ်တစ်ရပ် မိတ်ဆက်ပေးခဲ့သည်။ ဤသို့ အလွယ်တကူ တတ်နိုင်သည့် ဈေးနှုန်းကို ဂမ်းရောဂါ နှင့်ဆက်စပ် ရောဂါဖြစ်ပွားမှု အမြင့်ဆုံးနှင့် ဆပ်ပြာ ရောင်းအား အနိမ့်ဆုံး ဖြစ်နေသည့် အိန္ဒိယပြည်နယ် ၈ ခုတွင် အဓိကရည်ရွယ်သည့် ပြည်သူ လူထု အသိပညာပေး အစီအစဉ်နှင့် အိမ်တိုင်ရာရောက် လုပ်ရှားမှုတို့နှင့် ပေါင်းစပ်ခဲ့သည်။

စီမံချက်စတင်ပြီး ၂ နှစ်မျှသာကြာသည့်အချိန်တွင် Lifebuoy ဆပ်ပြာရောင်းအားသည် အိန္ဒိယတွင် ၂၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၁၀ နှစ်ကြာသော် ယူနီလီဗာသည် (Lifebuoy + တကိုယ်ရည်သန့်ရှင်းမှု) လှုပ်ရှားမှုကို မြန်မာနိုင်ငံအပါအဝင် အာရှ၊ အာဖရိကနှင့် လက်တင် အမေရိက တလွှားရှိ နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် မိတ်ဆက်ပေးခဲ့သည်။ ၎င်းက လက်များကို ဆပ်ပြာဖြင့် ဆေးကြောသည့် အကျိုးကျေးဇူးများ မြှင့်တင်ခြင်းဖြင့် စားသုံးသူ တစ်ဘီလီယံခန့် တကိုယ်ရည်သန့်ရှင်းမှု မြှင့်တင်ပေးခဲ့သလို ယူနီလီဗာအတွက် တစ်နှစ်ထက်တစ်နှစ် ရောင်းအား ဂဏန်း ၂ လုံးခန့် ရရှိစေခဲ့သည်။

## လူမှုရေးဆိုင်ရာ စီးပွားရေးလုပ်ငန်း

လူမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို "အကျိုးစီးပွားမျှဝေမှုကို ဖော်ဆောင်ခြင်း" (Creating Share Value) အစီအစဉ်၏ လွန်ကဲသော ဥပမာအဖြစ် ယူဆနိုင်သည်။ လူမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခုတွင် လူမှုလိုအပ်ချက် ဖြေရှင်းရန် စီးပွားရေးလုပ်ငန်းတစ်ခု တည်ထောင်ပြီး အမြတ်ငွေများကို စီးပွားရေးလုပ်ငန်းတွင် ပြန်လည် ရင်းနှီးမြှုပ်နှံသည် (အောက်တွင်ရေးသားထားသည့် Proximity Design ၏ Case အား ဖတ်ရှုပါ)

ယင်းသို့သော ရင်းနှီးမြှုပ်နှံမှုများကို 'အကျိုးတူပရဟိတလုပ်ငန်းအဖွဲ့' သို့မဟုတ် လူမှုအကျိုး သက်ရောက်မှုရန်ပုံငွေအဖွဲ့များက ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် အရှိန်ကောင်းကောင်းဖြင့် လည်ပတ်စေရန် ထောက်ပံ့ပေးခြင်းပြုနိုင်သည်။ သို့မဟုတ်ပါကလည်း ယင်းသို့ ရင်းနှီးမြှုပ်နှံမှုများမှတဆင့် အကျိုးစီးပွားမျှဝေခြင်း ဖန်တီးလိုသည့် ပုံမှန်လည်ပတ် လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများက ကူညီ ပံ့ပိုးနိုင်သည်။

အာရှအကျိုးတူပရဟိတကွန်ယက် အဖွဲ့ဝင်များအပါအဝင် ယင်းသို့သော ရန်ပုံငွေအဖွဲ့များစွာက မြန်မာနိုင်ငံတွင် စိတ်ဝင်စားမှုရှိကြောင်း ပြသနေကြသည်။ [7] "လူမှုအကျိုးပြုမြန်မာ" (Social Impact Myanmar) [8] နှင့် ဗြိတိသျှ ကောင်စီ [9] ကဲ့သို့ လုပ်ငန်းအဖွဲ့များသည် စီးပွားရေးလုပ်ငန်းပုံစံများ ဖော်ထုတ်ရန်နှင့် အဆိုပါ ရန်ပုံငွေများ ရရှိရန် လူမှုစွန့်ဦးလုပ်ကိုင်သူများကို လေ့ကျင့်ပေးနေကြသည်။

## Proximity Designs - စားသုံးသူလိုအပ်ချက်နှင့် အမှန်တကယ် နီးစပ်သည့် အမှန်တကယ် ထိရောက်မှု

Proximity Design သည် မြန်မာ ကျေးလက်နေမိသားစုများ အတွက် ၎င်းတို့ ရည်မှန်းချက်ပန်းတိုင်များ ရရှိစေသည့် အထောက်အကူပြု ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ပေးနေသော ဆုရရှိသည့် မြန်မာ့လူမှုရေးဆိုင်ရာစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ၎င်း၏ အဓိကထုတ်ကုန်များအနက် တစ်ခုမှာ ရေဖြန်းပုံးများဖြင့် ရေတွင်းမှ ယာခင်းသို့ ရေများ သယ်ယူရသည့် ခွန်အားစိုက်ထုတ်မှုနှင့် အချိန် ကုန်ဆုံးမှုတို့ကို အစားထိုးပစ်သည့် ရိုးရိုးရှင်းရှင်း ခြေနင်းရေစုပ်စက်ကဲ့သို့ သယ်ရလွယ်ပြီး ငွေကြေးတတ်နိုင် သည့် ရေသယ်ကိရိယာမျိုးဖြစ်သည်။

Proximity Designs ၏ ဆောင်ပုဒ်မှာ ယာခင်းတွင် ဖြစ်ပြီး ပုံစံ ရေးဆွဲရာတွင် ဦးတည်သည့် လူထုနှင့် နီးစပ်မှုရှိရန် ဖြစ်သည်။ "လိုအပ်ချက် မပြည့်မီသည့် ဒေသများ" သတ်မှတ်ရာတွင် လူမျိုးနှင့်ယဉ်ကျေးမှု အသီးသီးကို သိပ္ပံနည်းကျ လေ့လာမှုပညာရပ်ကို အသုံးပြုရန်၊ စဉ်ဆက်မပြတ်ထုတ်ကုန်စမ်းသပ်မှုမှတဆင့် လုပ်ငန်းအကောင်အထည်ဖော်မှု တိုးတက်စေရန် ဖြစ်သည်။ လယ်သမားများ သို့မဟုတ် ရွာသားများနှင့် တစ်ဦးချင်းချိတ်ဆက် လုပ်ကိုင်နေသည့် လက်တွေ့ကွင်းဆင်း ဝန်ထမ်းများသည် နိုင်ငံနှင့်အဝှမ်း ကွန်ယက်အဖြစ် ကျယ်ပြန့်စွာ ရှိသည်။ ၎င်းဝန်ထမ်းများက ဖော်ဆောင်ပြီး ထုတ်ကုန်များကို အကောင်အထည်ဖော်ရာတွင် လယ်သမားများအား ကူညီရန်၊ ပြန်လည်အကြံပြုချက်များကို ရန်ကုန်ရှိ မိခင်ရုံးသို့ အဆက်မပြတ် ပေးပို့ရန် ဖြစ်သည်။ Proximity Designs သည် ကြားဝင်ဆောင်ရွက်မှု မတိုင်မီနှင့် နောက်ပိုင်း ရှိသည့် ဝင်ငွေကဲ့သို့ ရလဒ်များ တိုင်းတာခြင်းဖြင့် မိမိတို့ အောင်မြင်မှု ရလဒ်ကို တိုင်းတာသည်။ လျှုလိုက်သည့် တစ်ဒေါ်လာ၏ အကျိုးသက်ရောက်မှု၊ ရေရရှိရန် ပျမ်းမျှ ကြာချိန် စသည့်တို့လည်း ပါဝင်သည်။

2004 ခုနှစ် လုပ်ငန်းစတင်ချိန်မှ စ၍ Proximity Designs ရောင်းအားသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအပိုင်း နှစ်မျိုးလုံးတွင် နှစ်စဉ်ရောင်းအားတိုးတက်မှု ရရှိသည်။ နီးစပ်မှုစီမံချက်သည် လူဦးရေ ၄၈၆၅၀၀ ၏ မိသားစု ဝင်ငွေများ တိုးတက်စေခဲ့ပြီး ၎င်းတို့၏ ဘဝအရည်အသွေး တိုးတက်စေခဲ့သည်။

# မြန်မာနိုင်ငံရှိ CSR

မြန်မာနိုင်ငံသည် အဓိကဗုဒ္ဓဘာသာတွင် သက်ဝင်ယုံကြည်မှုကြောင့် အနည်းဆုံးတော့ ခိုင်မာသည့် ပရဟိတအစဉ်အလာတစ်ခုရှိပါသည်။ ၎င်းကြောင့် ပရဟိတ အကူအညီပေးရေးဖောင်ဒေးရှင်း (Charities Aid Foundation) က မြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် အရက်ရောဆုံး နိုင်ငံအဖြစ် သတ်မှတ်စေခဲ့သည်။ ဤသို့ ရက်ရောမှုတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ အဆက်ဆက် လုပ်ဆောင်သည့် ထင်ရှားသော စီးပွားရေးလုပ်ငန်းများပရဟိတလည်း ပါဝင်သည်။[10] ၎င်းမှာ "CSR 1.0" ဖြစ်သည်။

'CSR' သို့မဟုတ် ရေရှည်တည်တံ့ခိုင်မြဲမှု၊ တာဝန်ယူမှုရှိသည့် စီးပွားရေးကျင့်ဝတဆိုင်ရာ ပိုမိုကျယ်ပြန့်သည့် အထွေထွေတာဝန်ဝတ္တရားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ရှင်းလင်းသည့် ဥပဒေဆိုင်ရာပြဌာန်းချက်များ သို့မဟုတ် မူဂါဒ လမ်းညွှန်ချက်များ မရှိချေ။ ပြီးခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင်အချို့က နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအပေါ် အထူး ရည်ညွှန်း၍ MIC ခွင့်ပြုမိန့် ရယူလိုသူများအတွက် စီးပွားရေးလုပ်ငန်းများမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် 'CSR 2.0' တောင်းဆိုခဲ့သည်။ ၎င်းကို မက်လုံးပေးစွဲဆောင်နိုင်ရန် ယခင် ကော်မရှင်ဟောင်းသည် အခွန်မဆောင်မီ အမြတ်ငွေမှ ၁ %မှ ၅% အထိ CSR လုပ်ငန်းမှုများ၌ ရည်မှန်းချက်ထား သုံးစွဲဖို့ ကုမ္ပဏီများအား အဓိကထားအားပေးခဲ့သည်။[11] ကုမ္ပဏီများကိုလည်း ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ (UNGC) သဘောတူညီချက်တွင် ပါဝင်လက်မှတ် ရေးထိုးရန် အားပေးခဲ့သည်။

ဤသို့ သုံးစွဲမှုအားပြုသည့် ချဉ်းကပ်ဆောင်ရွက်နည်းအကြောင်း ကော်မရှင်အတွင်းနှင့် ပြင်ပတွင် သီးသန့်ငြင်းခုံဆွေးနွေးခဲ့ကြသည်။ လက်တွေ့တွင်မူ အမျိုးမျိုးဖွင့်ဆိုနေကြသည်။ UNGC ကဲ့သို့ နိုင်ငံတကာလုပ်ဆောင်မှုများတွင် ပါဝင်နှင့်ပြီး ကမ္ဘာလုံးဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်နည်းမျိုးစုံဖြင့် လာရောက်သည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူ များက သူတို့သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာတွင် အထက်ပါ ချဉ်းကပ်ဆောင်ရွက်နည်းများကို ကျင့်သုံးပါမည်ဟု ယေဘူယျအားဖြင့် အကြောင်းကြားကြသည်။ သို့သော် အများစုမှာ မြန်မာနိုင်ငံအတွက် သီးခြားသုံးစွဲမှုလျာထားချက် ချမှတ်ရန် တွန့်ဆုတ်နေကြသည်။ ထိုသို့ လုပ်ဆောင်ရန် MIC က ကုမ္ပဏီငယ်များကို ဖိအားပေးသည့်အခါ ကတိပြုချက်များ ပေးသော်လည်း အများစုမှ လက်တွေ့တွင် ယင်းကတိများကို မဖော်ဆောင်ကြချေ။ အမြတ်ရရှိနေသည့် အဆင့်တစ်ခုသို့ ရောက်နေသည့် ကုမ္ပဏီမှာလည်း အနည်းစုသာဖြစ်သည်။

# ၃။ စီးပွားရေးလုပ်ငန်းများက အကျိုးစီးပွားမျှဝေခြင်းအစီအစဉ် မည်သို့ ဖန်တီးနိုင်သနည်း

"ကုမ္ပဏီအများစုမှာ လူမှုဘဝဆိုင်ရာကိစ္စရပ်များကို အရေးမကြီးသည့် အဆင့်တွင်သာယူဆထားသည့် 'လူမှုတာဝန်ယူမှု' အတွေးအခေါ်ဖြင့် ပိတ်မိနေကြသည်။ အကျိုးစီးပွား မျှဝေခြင်းသည် လူမှုတာဝန်ယူမှု၊ ပရဟိတ သို့မဟုတ် ရေရှည်တည်တံ့ခိုင်မြဲမှုပင် မဟုတ်ပေ။ ၄င်းမှာ စီးပွားရေးအောင်မြင်မှုရစေသည့် နည်းလမ်းအသစ်တစ်ခု ဖြစ်သည်။" – ပါမောက္ခမစ်ခေးပေါ်တာနှင့် မာ့ခ်ခရာမာ

အကျိုးစီးပွားမျှဝေခြင်း လုပ်ငန်းမူဘောင်သည် ဥပဒေစည်းမျဉ်းများကို လိုက်နာ ကျင့်သုံးခြင်းထက်ကျော်လွန်ပြီး CSR ၏ အစဉ်အလာ ပရဟိတနှင့် အသုံးစရိတ်အခြေပြုပုံစံများထက်လည်း ပိုမိုသည်။ အကျိုးစီးပွားမျှဝေခြင်း (CSV) သည် ပါဝင်ပတ်သက်နေသူများထံမှ ကုမ္ပဏီလုပ်ငန်းဆောင်ရွက်နိုင်ရန် လူထုသဘောတူကြည်ဖြူခွင့်ပြုမှု (Social License to Operate) ရရှိရေး နှင့် ထိန်းသိမ်းရေးတို့အတွက် အထောက်အကူပြုသည်။ မကြာသေးမီက McKinsey & Company နှင့် အင်တာဗျူးတွင် ကုမ္ပဏီတိုင်း၏ တန်ဖိုး ၃၀ %အထိမှာ ယင်းကုမ္ပဏီက အစိုးရ၊ ပြည်သူလူထုနှင့် ပတ်သက်၍ထားရှိသည့် စေတနာတရားနှင့် ဆက်စပ်နေကြောင်း ခန့်မှန်းပြောဆိုခဲ့သလိုပင် ၄င်းမှာ အရေးပါသည်။[12]




*ပုံ ၃- CSR နှင့် CSV နှိုင်းယှဉ်ပြပုံ (အရင်းအမြစ်- ဟားဗတ်စီးပွားရေးကျောင်း*

| CSR | CSV |
| --- | --- |
| နိဖိုးများ- ကောင်းကျိုးပြု | တန်ဖိုး- ကုန်ကျမှုနှင့် ဆက်နွယ်သည့် စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အကျိုးခံစားခွင့်များ |
| နိုင်ငံသားဖြစ်မှု၊ ပရဟိတ၊ ရေရှည်တည်တံ့ခိုင်မြဲမှု | အစုစပ်ကုမ္ပဏီနှင့် လူထုအတွက် အကျိုးစီးပွားမျှဝေမှုကို ဖော်ဆောင်ခြင်း |
| စိတ်ကြိုက် ရွေးချယ်လုပ်ကိုင်နိုင်စွမ်း (သို့) ပြင်ပဖိအား သို့တုန့်ပြန်မှု | ပြိုင်ဆိုင်မှုအတွက် အရေးပါခြင်း |
| အမြတ်အစွန်း မြင့်မားရေးနှင့် သီးခြားဖြစ် | အမြတ်အစွန်း အတွက် အရေးပါခြင်း |
| ပြင်ပ အစီရင်ခံခြင်းနှင့် လူပုဂ္ဂိုလ်၏ ကြိုက်နှစ်သက်မှုက လုပ်ငန်းအစီအစဉ်ကို ဆုံးဖြတ်ခြင်း | လုပ်ငန်းသည် ကုမ္ပဏီနှင့်သာ သက်ဆိုင်ပြီး အဖွဲ့တွင်း လုပ်ဆောင်ခြင်း |
| Corporate footprint နှင့် CSR အတွက် သုံးစွဲငွေ ဘတ်ဂျတ် က ကန့်သတ်သည့် အကျိုးသက်ရောက်မှု | ကုမ္ပဏီ အတွက် သုံးစွဲငွေ ဘတ်ဂျတ်တစ်ခုလုံးကို ပြန်လည် ညှိနှိုင်းခြင်း |
| ဥပမာ- မျှတသည့် ကုန်သွယ်ရေးဝယ်ယူမှု | ဥပမာ- အရည်အသွေးနှင့် အထွက်တိုးစေရန် လိုအပ်သော အထောက်အပံ့ပစ္စည်း ဝယ်ယူမှုလုပ်ငန်းစဉ် |

တည်ဆဲကုမ္ပဏီလုပ်ငန်းလည်ပတ်မှုများအတွင်း ထိခိုက်နစ်နာမှုလျှော့ချရေးတွင်သာ အဓိက ထားရှိမှုထက် "အကျိုးစီးပွားမျှဝေခြင်း" မဟာဗျူဟာများသည်-

- ကုမ္ပဏီများ၏ တီထွင်ဆန်းသစ်မှုကို ဖြစ်ထွန်းစေသည်
- လူ့အဖွဲ့အစည်း ပြဿနာများ ဖြေရှင်းရန် စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပရဟိတ လုပ်ကိုင်သူများနှင့် အစိုးရတို့အကြား ဆက်ဆံရေးကို အားပေးသည်။

ကုမ္ပဏီများသည် လူမှုဘဝတန်ဖိုးဖော်ဆောင်ခြင်းဖြင့် အကျိုးစီးပွားမျှဝေခြင်းကို အကောင်အထည်ဖော်နိုင်သည်။ ၎င်းအား လုပ်ဆောင်နိုင်သည့် နည်းလမ်း အနည်းဆုံး ၃ ခုရှိပါသည်။ ၎င်းတို့မှာ တန်ဖိုး ကွင်းဆက်တွင် ကုန်ထုတ်လုပ်နိုင်စွမ်းကို ပြန်လည်ဖွင့်ဆိုခြင်း၊ ထုတ်ကုန်နှင့် ဈေးကွက်များကို ပြန်လည် သုံးသပ်ခြင်းနှင့် ဒေသတွင်းအစုလိုက်ဖွံ့ဖြိုးမှုတို့ ဖြစ်ကြသည်။ ယင်းတို့ကို အောက်ပါအတိုင်း ပို၍အသေးစိတ်ကျစွာ ရှာဖွေစူးစမ်းနိုင်သည်။

## ၁။ တန်ဖိုးကွင်းဆက်ပါ ကုန်ထုတ်လုပ်နိုင်စွမ်းကို ပြန်လည်ဖွင့်ဆိုခြင်း

တန်ဖိုးကွင်းဆက်ဖြစ်စဉ်၌ လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်း အဟန့်အတားများ ဖြေရှင်းနေစဉ် ကုမ္ပဏီ သို့မဟုတ် ၎င်း၏ ပစ္စည်းပံ့ပိုးသူများ၏ ကုန်ထုတ်လုပ်နိုင်စွမ်း တိုးမြှင့်ခြင်းဖြင့် စီးပွားရေး လုပ်ငန်းများသည် အကျိုးစီးပွားမျှဝေခြင်းကို ဖန်တီးနိုင်သည်။

စီးပွားရေးလုပ်ငန်းကြီးများက ဤသို့ လုပ်ဆောင်နိုင်သည့် အရေးအကြီးဆုံးနည်းလမ်းများအနက် တစ်ခုမှာ ဒေသတွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများ (အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) ကို ပစ္စည်းပံ့ပိုးသူများ အဖြစ် ဖွံ့ဖြိုးစေခြင်း ဖြစ်သည်။ [13] 'စီးပွားရေးအချိတ်အဆက်များ ဖော်ဆောင်ခြင်း'ဟုလည်း တခါတရံ ခေါ်ဝေါ်တတ်သည်။ ၎င်းက အလုပ်အကိုင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းပတ်သက် ဆက်နွယ်မှုများကို ဆိုင်ရာဒေသခံလူမှုအဖွဲ့အစည်းအတွက် ထိန်းသိမ်းထားပေးပြီး၊ ရင်းနှီးမြှုပ်နှံမှု၏ ဆိုးကျိုးများကိုသာ အထူးသဖြင့် သယံဇာတတူးဖော်မှုကဏ္ဍ၌ ဆိုးကျိုးကိုသာ ခံစားနေမည့်သူများကို အကျိုးဖြစ်ထွန်းစေသည်။

အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) လုပ်ငန်းများက စုစုပေါင်းလုပ်ငန်းများ၏ ၉၀ % နီးပါး ပါဝင်သည့် မြန်မာနိုင်ငံတွင် လိုသည်ထက် ပိုသည့် အခွင့်အလမ်းရှိနေသည်။ ထို့ပြင် ခန့်မှန်းစုစုပေါင်း လုပ်သားအင်အားစု၏ ၇၀ % မှာ အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) လုပ်ငန်းများက အလုပ်ခန့်အပ်ထားခြင်း ဖြစ်သည်။

## လက်တွေ့ဖြစ်ရပ်- ဈေးကွက်များ တည်ဆောက်ရေးအဖွဲ့ (Building Markets) သည် အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) များကို Heinekenနှင့် ချိတ်ဆက်ပေးခြင်း။

တာဝန်ယူမှုရှိသည့်စီးပွားရေး လုပ်ငန်းအလေ့အကျင့်ကောင်းများ မြှင့်တင့်ရန်ရည်ရွယ်၍ Heineken သည် မြန်မာနိုင်ငံတွင်းရှိ ဒေသဆိုင်ရာ လုပ်ငန်းငှားရမ်းလုပ်ကိုင်သူ (အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) များထံမှ ဝန်ဆောင်မှုများ ရယူရန် ၂၀၁၅ ဖွန်မှ စတင်၍ Building Markets နှင့် လုပ်ငန်း မိတ်ဖက် ပြုခဲ့သည်။ ၎င်းမှာ ဒေသတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများနှင့် လက်တွဲလုပ်ဆောင်ရန်၊ အလုပ်အကိုင် ဖန်တီးပေးရန်နှင့် ယမကာစက်ရုံအနီးနေထိုင်သူ လူထုများအတွက် ကောင်းကျိုးရလာဒ်များမြှင့်တင်ပေးရန် Heineken ၏ ကတိကဝတ်ပြုလုပ်ကိုင်မှုများ၏ တစိတ်တပိုင်းဖြစ်သည်။

ဒေသခံ လုပ်ငန်းရှင်ရှိသူများကို ပစ္စည်းထောက်ပံ့ရေး စံနှုန်းအမြင့်များနှင့် ထိတွေ့စေခြင်း၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) အား လူမှုရေးကတိကဝတ်များနှင့် အရည်အသွေးဆိုင်ရာအရေးကြီးသည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကိုဖော်ပြသော ညွှန်းကိန်းများ (KPI) ကိုအပြည့်အဝ ထည့်သွားစဉ်းစားထားသည့် လေလံပြိုင်ဆိုင် လျှောက်ထားမှုများ လုပ်လာနိုင်စေရန်ကူညီသည်။ ဤသို့ဖြင့် ဒေသတွင်းလုပ်ငန်းများ စွမ်းရည်မြှင့်တင်ရန်နှင့် ဈေးကွက်နေရာအတွင်း အကောင်းဆုံးအလေ့အကျင့်များ တည်ထောင်ရန် ရည်ရွယ်သည်။

ဈေးကွက်များ တည်ဆောက်ရေးအဖွဲ့ (Building Markets) သည် အရွေးချယ်ခံရသည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) ကန်ထရိုက်များ (Contractors) သည် လုပ်ငန်း သဘောတူညီချက် ကတိကဝတ်များအတိုင်း ဖြည့်ဆည်း ဆောင်ရွက်နိုင်စေရန် ၎င်းတို့နှင့် နီးကပ်စွာလုပ်ကိုင်သည်။ ယင်းသို့လုပ်ဆောင်ရာတွင်

အလုပ်သမားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ လုပ်သားခေါ်ယူရေးနှင့် အလုပ်ပေးရာတွင် ဒေသအခြေပြုခြင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး (Occupational Health and Safety; OHS) မူဝါဒများ လေးစားခြင်းတို့ ပါဝင်သည်။ Heineken ၏ ငွေကြေးပံ့ပိုးမှုဖြင့် အဖွဲ့က လုပ်ငန်း ရှင်ရှိသူများအား လေ့ကျင့်သင်ကြားပေးခဲ့သည်။ ဤချဉ်းကပ်နည်းက အသေးစားနှင့် အလတ်စား လုပ်ငန်းများ ၏ နည်းပညာနှင့် စီမံခန့်ခွဲမှုကျွမ်းကျင်မှုများ တိုးတက်စေသည်။ ဤသို့ဖြင့် ပိုမိုခိုင်မာသည့် လုပ်သား အင်အားစုမှတဆင့် Heineken ၏ လိုအပ်ချက်များ ပြည့်မီစေပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှု ရစေသည်။

## ၂။ ထုတ်ကုန်များနှင့် ဈေးကွက်များကို ပြန်လည်သုံးသပ်ခြင်း

မဖြည့်ဆည်းနိုင်သော လိုအပ်ချက်များ သို့မဟုတ် လူမှုပြဿနာများကိုချိန်ထိုး၍ ဈေးကွက်များ ပြန်လည်သုံးသပ်ခြင်းနှင့် ယင်းအခြေအနေတို့ကို ကုစားနိုင်သည့် အမြတ်ရနိုင်သော ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ ဖော်ဆောင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အကျိုးစီးပွားမျှဝေခြင်းကို ဖန်တီးနိုင်သည်။

### လက်တွေ့ဖြစ်ရပ်- KBZ ဘဏ်၏ အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) ချေးငွေ- ဈေးကွက်သစ်တစ်ခု ရရှိခြင်း

OECD နှင့် UNESCAP တို့ ပြုလုပ်သည့် မြန်မာစီးပွားရေးလုပ်ငန်း တိုင်းတာချက်အရ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေ/ငွေကြေးလက်လှမ်းမီနိုင်မှုသည် မြန်မာနိုင်ငံ အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) လုပ်ငန်းများအတွက် အဓိကစိန်ခေါ်မှုတစ်ခု ဖြစ်နေဆဲဖြစ်သည်။ ဤပြဿနာကို ဖြေရှင်းရန်နှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) ကဏ္ဍ (စုစုပေါင်း မြန်မာနိုင်ငံတွင်း လုပ်ငန်းများ၏ ၉၀ % အထိ ရှိသည်ဟု သိရ) ကိုကူညီရန် KBZ ဘဏ်သည် အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) ဈေးကွက်နှင့် အံဝင်မည့် ဖြေလျှော့မှုများ ပိုမိုပေးထားသည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) ချေးငွေများ ဖန်တီးခဲ့သည်။

အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) ဖောက်သည်တစ်ဦးဖြစ်သည့် Coffee Genius သည် ဝန်ထမ်းအဖွဲ့ဝင် ၃၀ မျှရှိသည့် ကော်ဖီ အထူးပြုထုတ်လုပ်သူဖြစ်ပြီး ဒေသတွင်း ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပံ့ပိုးပေးသည့် လူမှုလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ ယခင် ချေးနေကျ တစ်နှစ်အစား ၃ နှစ်အထိ ချေးငွေပေးထားခြင်း၊ အတိုးနှုန်းမှာ ၁၃ % ဖြစ်၍ နည်းပါးခြင်းတို့ကြောင့် မိမိတို့အနေဖြင့် ချေးငွေကို လက်ခံခြင်းဖြစ်ကြောင်း Coffee Genius က ဆိုသည်။

KBZ ချေးငွေမှ အလုပ်ငွေရင်းထပ်ပိုးနိုင်ခြင်းကြောင့် Coffee Genius အတွက် လုပ်ငန်း လည်ပတ်မှုအကျိုးရှိစေခဲ့သည်။ မိမိတို့ကော်ဖီလုပ်ငန်းလည်ပတ်ရန်အတွက် စက်ပစ္စည်း အသစ် ဝယ်ယူနိုင်ပြီး ကော်ဖီရိတ်သိမ်းချိန်တွင် ယာသမားအသစ်များသို့ချဉ်းကပ်ရ်စေနိုင်မည့် ငွေကြေးများလည်း တိုးမြှင့်ရရှိခဲ့သည်။ Coffee Genius သည် ခိုင်မာသော ရောင်းအားမှ ချေးငွေပြန်ဆပ်နိုင်သည့် ဝင်ငွေရှိခဲ့သည်။

## လက်တွေ့ဖြစ်ရပ်- AIA အားဖြည့်အစီအစဉ်- လူ့အဖွဲ့အစည်း ပိုမိုကျန်းမာစေရေး

AIA ခေါ် အသက်အာမခံလုပ်ငန်းအဖွဲ့သည် လူ၏ အလုပ်လုပ်နိုင်စွမ်းကျဆင်းစေသည့် နာတာရှည်ရောဂါများကြောင့် အသက်အာမခံလျော်ကြေးတောင်းမှု များပြားလာကာ ငွေကြေး ကြပ်တည်းမှုနှင့် ဘ၀ အရည်အသွေးကျဆင်းစေသည့် ကိစ္စများ ဖြစ်ပွားမှု မြင့်မားလာသည်ကို သတိပြုမိသည်။ ဤပြဿနာကို ဖြေရှင်းရန် AIA သည် ကမ္ဘာ့အကြီးဆုံး ကျန်းမာရေးနှင့် ကြံ့ခိုင်ရေး အစီအစဉ် စတင်ခဲ့သည်။ လူထုကို ကျန်းမာသည့် ဘ၀ နေထိုင်နည်း အတိုင်း နေထိုင်ရေး အားပေး တိုက်တွန်းရန် ပညာရှင်များနှင့် ကျန်းမာရေး ကျွမ်းကျင်သူများက အစီအစဉ် ရေးဆွဲသည့် အားဖြည့်အစီအစဉ် ဖြစ်သည်။

AIA ၏ အသက်အာမခံမူဝါဒ ဝယ်ယူသူတိုင်းသည် AIA အားဖြည့် အစီအစဉ်ကို ဝင်ရောက် ဆက်သွယ်နိုင်သည်။ အစီအစဉ်အရ သူတို့သည် ကျန်းမာရေးနှင့် ကာယကြံ့ခိုင်ရေး အကဲဖြတ်ချက်များ ဖြည့်ရပြီး အားကစားရုံသွားခြင်းကဲ့သို့ ကျန်းမာရေးလှုပ်ရှားများလုပ်ဆောင်ပါက အမှတ်ရကြသည်။ အကျိုးအားဖြင့် အဖွဲ့ဝင်များသည် သူတို့ အသက်အာမခံတွင် အပိုကြေးပေးရမှု နည်းပါးလာပြီး ဈေးဝယ်ထွက်ခြင်း၊ ခရီးသွားခြင်းတွင် အထူးလျှော့ဈေးရခြင်းကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများက ပေးသည့် ခံစားခွင့်ဆုများ ရရှိလာကြသည်။

တောင်အာဖရိက၊ ယူကေ၊ အမေရိကား၊ တရုတ်နှင့် စင်ကာပူစသည့် နိုင်ငံ ၅ ခုရှိ လူဦးရေ ၅ သန်းကျော်မှာ နေ့စဉ်နှင့်အမျှ အားဖြည့်အစီအစဉ်မှတဆင့် ပိုမိုကျန်းမာသည့် ဘ၀များ ရရှိဖို့ စိတ်အားထက်သန်နေကြသည်။ ၎င်းကြောင့် ဆေးကုသမှုရလဒ်များ တိုးတက်စေပြီး ကျန်းမာရေးစောင့်ရှောက်မှုစရိတ်များ ကျဆင်းစေသည်။ ဆေးရုံတက်ရောက်မှုများ ကျဆင်းစေခြင်း၊ အလုပ်ခွင် ထုတ်လုပ်နိုင်စွမ်း တိုးတက်ခြင်း၊ သေဆုံးနှုန်း ကျဆင်းခြင်းတို့ ရှိလာသည်။ လျော်ကြေးတောင်းမှု ကျဆင်းလာပြီး အမြတ်ထပ်ဆောင်းငွေ တိုးတက်လာခြင်း၊ ဖောက်သည်များဆက်လက်အားပေးမှုနှုန်း တိုးတက်လာခြင်းတို့ကြောင့် AIA ကို အကျိုးရှိစေသည်။ ထို့ပြင် ကုန်ထုတ်စွမ်းအား မြင့်သည့် ကျန်းမာသောလူ့အဖွဲ့အစည်း အနေဖြင့် အောင်မြင်ပြီး အစိုးရတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုဝန်ထုပ် နည်းသွားသည်။

ဤအစီရင်ခံစာရေးသားနေချိန်တွင် မိမိတို့အနေဖြင့် ထိရောက်မှုနှင့် စွမ်းဆောင်နိုင်သည့် ပမာဏတိုးတက်စေရန် ဤအစီအစဉ်ကို လတ်တလောတွင် ပြန်လည် သုံးသပ်ပြုပြင်နေကြောင်း AIA က အတည်ပြုပြောဆိုသွားခဲ့သည်။

## ၃။ ဒေသတွင်း လုပ်ငန်းစုံအဖွဲ့အစည်းများ ဖွံ့ဖြိုးခြင်း

လုပ်ငန်းစုပေါင်းအဖွဲ့အစည်းများဆိုသည်မှာ သက်ဆိုင်ရာကုန်စည်များ၊ ဝန်ဆောင်မှုများ အစုံလိုက် ထုတ်လုပ်ရာတွင် ပါဝင်သည့် ကုမ္ပဏီများနှင့် အခြားသောအဖွဲ့အစည်းများ စုပေါင်း ပါဝင်သည့် အဖွဲ့များဖြစ်သည်။ ဥပမာ ရှူးဖိနပ်ပုံစံထုတ်လုပ်ရေးဆွဲခြင်း၊ ရာဘာခြေဖဝါးခံအပြားများ ထုတ်လုပ်ခြင်း၊ ရှူးဖိနပ်တပ်ဆင်ရန်လိုသည့် စက်ယန္တရား ဖော်ဆောင်ခြင်းစသည့် လုပ်ငန်း အသီးသီးနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပေးသည့် လေ့ကျင့်သင်ကြားရေးအဖွဲ့အစည်းများ ပေါင်းစုခြင်းသည် လုပ်ငန်းစုပေါင်းအဖွဲ့အစည်းများ ဖြစ်သည်။ လုပ်ငန်းစုပေါင်းအဖွဲ့အစည်းများ ဖွဲ့စည်းကြသည့် စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများသည် စုပေါင်းလုပ်ဆောင်မှု အသွင် ချိတ်ဆက်လုပ်ကိုင်ကြပြီး သူတို့တစ်ဦးချင်းလုပ်ကိုင်ရသည်ထက် ပို၍ ပြိုင်ဆိုင်နိုင်မှု စွမ်းရည်မြှင့်မားလာကြသည်။ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းအမျိုးမျိုးတို့နှင့် အတူတကွ လုပ်ကိုင်ခြင်း၊ မိမိတို့အရင်းအမြစ်များ မျှဝေနိုင်ခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းဖြင့် အလွန် အရွယ်ငယ်သည့် လုပ်ငန်းများပင် ကမ္ဘာ့အဆင့် ယှဉ်ပြိုင်မှု ရှိလာနိုင်သည်။

စီးပွားရေးလုပ်ငန်းများကသာ ဦးဆောင်လုပ်ကိုင်သည့် 'ကုန်ထုတ်လုပ်နိုင်စွမ်း' ပြန်လည် ဖွင့်ဆိုခြင်း၊ 'ထုတ်ကုန်နှင့် ဈေးကွက်များ ပြန်လည်ဆန်းသစ်ခြင်း'တို့နှင့် မတူသည်မှာ လုပ်ငန်း စုပေါင်းအဖွဲ့အစည်းဖွံ့ဖြိုးရေးသည် အစိုးရ၏ တက်ကြွစွာ အားပေးခြင်းနှင့် မူဝါဒများမှ အကျိုး အမြတ် ရနိုင်သည်။

မြန်မာအထည်ချုပ်လုပ်ငန်းစုသည် ဒေသတွင်း လုပ်ငန်းစုပေါင်းအဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိနေသည်။ မြန်မာအထည်ချုပ်လုပ်ငန်းစု၏ ၁၀ နှစ်ကြာ မဟာဗျူဟာအစီအစဉ်အရ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် မြန်မာ အထည်ချုပ်လုပ်ငန်းစုယှဉ်ပြိုင်မှုစွမ်းရည်၊ အကျိုးကျေးဇူးတိုးပွားစေရန် ဒေသတွင်းပစ္စည်းပံ့ပိုးပေးသည့်ကွင်းဆက်ကို ဖော်ထုတ်သင့်သည်ဟုအကြံပြုထားပါသည်။
အဆိုပါဒေသတွင်းပစ္စည်းပေးသွင်းသူများသည်လုပ်ငန်း၏လိုအပ်ချက်များနှင့် ကိုက်ညီစေမည့် ထုတ်ကုန်များ၊ ဒီဇိုင်းများရေးဆွဲကြရန်အားပေးထားသည်။ [14]

## လက်တွေ့ဖြစ်ရပ်- ထိုင်ဝမ်နှင့် အိန္ဒိယ- ICT လုပ်ငန်းစုံအဖွဲ့အစည်းများက အောင်မြင်မှု ဖန်တီးခြင်း

၁၉၈၀ နှစ်များအတွင်း အမေရိကန်ထုတ်လုပ်သူများက ပထမအကြိမ် မိမိတို့လုပ်ငန်းများကို ပြည်ပမှ မှာယူလုပ်ကိုင်စေမှုကြောင့် ထိုင်ဝမ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communications Technologies; ICT) အီလက်ထရောနစ် ထုတ်လုပ်ရေး အဖွဲ့ ပေါ်ပေါက်လာရသည်။ ထို့ပြင် ၁၉၉၀ နှစ်များတွင် ဆီလီကွန်ဗယ်လီလုပ်ငန်းကြီးများ (Silicon Valley Firms) က မိမိတို့ လုပ်ငန်းစရိတ်များ လျှော့ချသည့်အနေဖြင့် ပရိုဂရမ် (Program) ရေးခြင်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ပြည်ပသို့ ရွှေ့ပြောင်းသည့်အခါတွင် အိန္ဒိယ ICT အဖွဲ့လည်း ပေါ်ထွန်းလာသည်။ အဖြစ်အပျက်နှစ်ခုလုံးကြောင့် ငွေရင်းနှင့် ကျွမ်းကျင်မှုများ စွဲဆောင်ရန်၊ တီထွင်ဆန်းသစ်မှုပံ့ပိုးရန်၊ စီးပွားရေးစနစ်များကို ဦးဆောင် ပံ့ပိုးရန်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် လုပ်ငန်းစုံအဖွဲ့များ ပေါ်ပေါက်လာစေခဲ့ပြီး စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအခက်အခဲများ သက်သာစေနိုင်ခဲ့သည်။

၂၀၁၂ ခုနှစ်ရှိ ICT လုပ်ငန်းကိုလွှမ်းမိုးထားသည့် ကမ္ဘာ့လုံးဆိုင်ရာ ကုမ္ပဏီများသည် ဖြစ်ထွန်းဆဲဈေးကွက်ရှိ လုပ်ငန်းစုံအဖွဲ့များမှ အစပြုလာကြသည်။ ဥပမာ အက်ပဲ (Apple) အိုင်ဖုန်း (Iphone) နှင့် အိုင်ပက် (Ipad) နှင့် အလားတူသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ပေးသည့် ထိုင်ဝမ်ဖောက်ကွန်းလုပ်ငန်းကြီး (Taiwanese firm Foxconn) သည် ဤလုပ်ငန်း ကဏ္ဍ၌ ၂၀၁၀ တွင် လူပေါင်း ခန့်မှန်းချေ ၈၀၀၀၀၀ ခန့်ကိုအလုပ်အကိုင်ပေးထားနိုင်သည့် အကြီးမားဆုံးလုပ်ငန်းကြီးများအနက် တစ်ခုဖြစ်သည်။ အိန္ဒိယ၏ တာတာအတိုင်ပင်ခံ လုပ်ငန်းများ (Tata Consulting Services)၊ ဝိုက်ပရိုနှင့် အင်ဖိုစစ်တို့သည်လည်း ကမ္ဘာတွင် ပြည်ပသို့ သတင်းနည်းပညာဝန်ဆောင်မှုများ ပေးနေသည့် ထိပ်သီးလုပ်ငန်းများ ဖြစ်လာကြသည်။

**Shared Value Across Industries**

| | Reconceiving Products and Markets | Redefining Productivity in Value Chains | Enabling Local Cluster Development |
|---|---|---|---|
| Pharma & Med Tech | • Products for unmet health needs | • Locally adapted distribution channels in new markets | • Strengthen health systems |
| Extractives | • Build local markets for intermediate products | • Strengthen local workforce or suppliers<br>• Sustainably manage operational resources | • Invest in shared infrastructure and logistics networks |
| Food & Agric. | • Products that reduce negative health impacts or improve nutrition & wellness | • Improve local supply chains and manufacturing | • Improve productivity and farming communities |
| Banking | • Improve financial health or access for individuals | • Finance solutions to critical social and environmental needs | • Finance community development |

*Figure 1: Creating Shared Value Across Industries (Source: Shared Value Project)*

| ထုတ်ကုန်နှင့် ဈေးကွက်များကို ပြန်လည် သုံးသပ်ခြင်း | တန်ဖိုးကွင်းဆက်များတွင် ကုန်ထုတ်လုပ်နိုင်စွမ်း ပြန်လည် ဖွင့်ဆိုခြင်း | ဒေသတွင်း လုပ်ငန်းစုံအဖွဲ့များ ဖွံ့ဖြိုးရေး |
|---|---|---|
| မဖြည့်ဆည်းပေးနိုင်သေးသည့် ကျန်းမာရေးလိုအပ်ချက်များ အတွက် ထုတ်ကုန်များ | ဈေးကွက်သစ်များတွင် ဒေသအလိုက် လက်ခံသည့် ဖြန့်ဖြူးရေးလမ်းကြောင်းများ | ကျန်းမာရေးစနစ်များ အားကောင်းစေခြင်း |
| စားသုံးသူများသို့ နောက်ဆုံး မရောင်းချမှီ ထပ်ဆင့်ထုတ်လုပ်ရန်လိုအပ်သော အလယ်အလတ် ထုတ်ကုန်များအတွက် (intermediate products) ဒေသတွင်း ဈေးကွက်များ တည်ဆောက်ခြင်း | ဒေသတွင်းလုပ်သားအင်အားစု သို့မဟုတ် ပစ္စည်း ပေးသွင်းသူများ အားကောင်းစေခြင်း<br>လုပ်ငန်းဆောင်ရွက်နိုင်သည့် အရင်းအမြစ်များကို ရေရှည် တည်တံ့မှုနည်းဖြင့် စီမံ ခန့်ခွဲခြင်း | အခြေခံအဆောက်အဦ မူဝေရေးနှင့် ပစ္စည်း သိုလှောင်ရေး ကွန်ယက်များတွင် ရင်းနှီးမြှုပ်နှံခြင်း |
| ကျန်းမာရေး အပေါ် ဆိုးကျိုး သက်ရောက်မှုများ လျှော့ချပေးသည့် သို့မဟုတ် အာဟာရနှင့် ကျန်းမာ ကြံ့ခိုင်ရေး တိုးတက်စေသည့် ထုတ်ကုန်များ | ဒေသတွင်း ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ထုတ်လုပ်ရေး တိုးမြှင့်ခြင်း | ကုန်ထုတ်လုပ်နိုင်စွမ်းနှင့် လယ်ယာလုပ်သားထုများ တိုးတက်စေခြင်း |
| ငွေကြေးတောင့်တင်းမှု တိုးတက်စေခြင်း သို့မဟုတ် တစ်ဦးချင်း ငွေကြေးရရှိမှု တိုးတက်စေခြင်း | အရေးကြီးသည့် လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရန်ငွေကြေးထောက်ပံ့ခြင်း | လူထုဖွံ့ဖြိုးရေးအတွက် ငွေကြေးပံ့ပိုးခြင်း |

အကျိုးစီးပွားမျှဝေခြင်းကို တက်ကြွစွာ ဖော်ဆောင်မည့် မဟာဗျူဟာများသည် ကုမ္ပဏီတိုင်းအတွက်အမြဲတမ်း အဓိပ္ပါယ် ရှိမည်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်း၊ စည်းမျဉ်းဥပဒေ၊ နိုင်ငံရေး သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာအကြောင်းအရာများကြောင့် ဖော်ဆောင်ရာတွင် အခက်အခဲတွေ့နိုင်ပါသည်။ အကျိုးစီးပွားမျှဝေခြင်းအား ဖော်ဆောင်ရန် အခြား ပါဝင်ပတ်သက်သူများနှင့် စီးပွားရေး ချိတ်ဆက် ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေနိုင်သည့် သင့်လျော်သော ဥပဒေမူဘောင်၊ ဒီမိုကရက်တစ် အဆောက်အဦးများနှင့် တက်ကြွသည့်အရပ်ဘက် လူမှုအဖွဲ့အစည်း/ NGO ကဏ္ဍ၊ လွတ်လပ်သည့် မီဒီယာတို့ မရှိခြင်းလည်းဖြစ်နိုင်ပါသည်။

ရပ်ရွာလူထုနှင့် ချိတ်ဆက် ဆောင်ရွက်မှု သို့မဟုတ် တီထွင်ဆန်းသစ်မှု များအတွက် ရည်ရွယ်လုပ်ဆောင်သော ဌာနများ မရှိသည့် အရွယ်အစားသေးငယ်သော စီးပွားရေးလုပ်ငန်းများမှာ စီးပွားရေးလုပ်ငန်းများဆိုင်ရာ အလေ့အထများကို သင့်တော်သလို ထိန်းညှိရန်နှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရင်းအမြစ်နှင့် နည်းပညာမရှိခြင်းမျိုး ဖြစ်နိုင်သည်။ သူတို့အဖို့မှာ အလုပ်အဖွဲ့၏ အဖွဲ့ဝင် တစ်ဦးအဖြစ် 'ကုသိုလ်ဖြစ်အဖွဲ့ထံ ချက်လက်မှတ်တစ်စောင် ရေးပေးရုံသာ' အလွယ် တတ်နိုင်မည်။ သို့သော် ကုမ္ပဏီများက မိမိတို့အဖွဲ့အစည်းတွင်း လူ့အရင်းအမြစ် ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ NGO များနှင့် မိတ်ဖက်ပြုခြင်းသည် စိတ်ကူးသစ်များနှင့် လုပ်ငန်း အကောင်အထည် ဖော်နိုင်မည့် ထပ်ဆောင်းအရင်းအမြစ်များ ရရှိရန်အခွင့်အလမ်းရှိသည်။ အခြားစိန်ခေါ်မှု တစ်ခုမှာ အကျိုးစီးပွားမျှဝေခြင်း ကို မည်သူ့အတွက် မည်သို့ ဖော်ဆောင်မည်ကို သတ်မှတ်ခြင်း ဖြစ်သည်။ ကုမ္ပဏီများတွင် လူမှုညွှန်းကိန်းများ တိုးတက်မှု သိရှိတိုင်းတာနိုင်ရန် အရင်းအမြစ် သို့မဟုတ် လုပ်ငန်းအကျိုးစီးပွား မရှိနိုင်ချေ။ သို့မဟုတ် လုပ်ငန်းအတွက် လူမှု လုပ်ဆောင်ချက် တိုးတက်မှုနှင့် စီးပွားရေးတန်ဖိုးတိုးတက်မှုတို့ကို ချိတ်ဆက်နိုင်စွမ်း ရှိမည် မဟုတ်ချေ။ ကုမ္ပဏီ တစ်ခုအတွက် လူမှုအကျိုး သက်ရောက်မှုများကို သိရှိတိုင်းတာဖို့ ကာလရှည် ဖြစ်ကောင်း ဖြစ်နိုင်သည်။ ဥပမာ သကြားနှင့် အဆီ လျော့သည့် အစားအသောက် ထုတ်ကုန်တစ်ခု၏ ကျန်းမာရေးအကျိုးသက်ရောက်မှုများ ဖြစ်သည်။ သို့သော် FSG [15] ကဲ့သို့ အတိုင်ပင်ခံ ကုမ္ပဏီများ သည် "အကျိုးစီးပွားမျှဝေခြင်း"နှင့် သီးခြားစပ်လျဉ်းသည့် တိုင်းတာရေး နည်းလမ်းများ ဖော်ဆောင်ပြီး ဖြစ်သည်။

# ၄။ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု၊ CSR နှင့် CSV အားပေးရာတွင် အစိုးရ၏ အခန်းကဏ္ဍ

အစိုးရ၏ အဓိကကဏ္ဍမှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုကာကွယ်ရေးအတွက် စည်းမျဉ်းဥပဒေ ထုတ်ပြန်ရန်၊ ထုတ်ပြန်ပြီး ဥပဒေများကို ကျင့်သုံးရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခု ပံ့ပိုးပေးရန် ဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ဤအချက်က ထိပ်တန်းဦးစားပေးအဆင့်တွင် ရှိနေဆဲဖြစ်သည်။

## နမူနာဖြစ်ရပ်- မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင်- ပိုမိုကောင်းမွန်သည့် ဥပဒေပြု ရပ်ဝန်းဖြစ်ပေါ်ရေး ပံ့ပိုးခြင်း

နိုင်ငံတကာအလုပ်သမားအဖွဲ့ ILO ၏ အဆိုအရ မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် တစ်လအနိမ့်ဆုံးလုပ်ခမှာ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၄.၅ ဒေါ်လာ ရှိသည်ဟု ဆိုသည်။ ဆိုလိုသည်မှာ မြန်မာသည် အာရှဈေးကွက်များနှင့် အလွယ်တကူချိတ်ဆက်ထားပြီး ကမ္ဘာတွင် လုပ်အားကို ဈေးအပေါဆုံးဖြင့်ရရှိနိုင်သည်။ ယင်းအချက် ၂ ခုလုံးက ထုတ်လုပ်စရိတ်ကျဉ်း၊ အသင့်ချုပ်ပြီး အထည်များ ပြည်ပတင်ပို့ဖို့ နေရာရှာဖွေနေသူ ကော်ပိုရေးရှင်းကြီးများအတွက် စွဲဆောင်နိုင်သည့် အချက်များ ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း Gap၊ H&M၊ Marks and Spencer Group PL နှင့် Primark Stores Ltd ကဲ့သို့ ထိပ်တန်း အနောက်တိုင်းအဝတ်အထည်လက်လီလုပ်ငန်းများက မြန်မာနိုင်ငံကို ၎င်းတို့၏ အဝတ်အထည်များ ထုတ်လုပ်နိုင်သည့်နေရာများစာရင်းတွင် စတင်ထည့်သွင်း လာသည်။ သို့သော် အနောက်ရှိ လုပ်ငန်းအဖွဲ့အစည်းများစွာတို့သည် လူသိများသည့်အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် မိမိတို့၏ နာမည်ဂုဏ်သိက္ခာကောင်းအားထိခိုက်နိုင်သည့် အချက်များကို အထူးပင် သိရှိသတိပြုခဲ့ကြသည်။ ၂၀၁၄ ခုနှစ်က အမေရိကန်နိုင်ငံခြားရေးဌာနသို့ မိမိသဘောအလျောက် တင်သွင်းသည့် ၎င်းတို့၏အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အကန့်အသတ်ရှိနေသေးသည့်တရားဥပဒေစိုးမိုးရေးနှင့် ၊ အပြည့်အဝအကောင်အထည်မဖော်နိုင်သေးသည့် ဥပဒေပြုနိုင်မှု” များကို ဖော်ပြခဲ့ပြီး ယင်းအချက်များသည် "ဖြစ်နိုင်ဖွယ်ရှိသည့် လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်း ထိခိုက်နိုင်မှုများ” ဖန်တီးနိုင်သည်ဟု Gap က ဖော်ပြထားသည်။

ရလဒ်အနေဖြင့် ယင်းသို့ အဖွဲ့အစည်းများ အထူးသဖြင့် Gap နှင့် H&M တို့သည် လုပ်ငန်းခွင် အခြေအနေတိုးတက်ရေး ၎င်းတို့၏ ထောက်ခံမှုကို ဖော်ပြခဲ့ကြပြီး အတင်းအဓမ္မအလုပ်ခိုင်းစေမှု၊ မမျှတသည့် အချိန်

ပို ခိုင်းစေမှု များနှင့် ခွင့်မပြုသည့် ထပ်ဆင့်လုပ်ငန်းငှားရမ်းလုပ်ကိုင်မှု ကဲ့သို့သော ကိစ္စရပ်များတွင် အလေးထားပူပန်ကြောင်း ထုတ်ဖော်ပြောကြားသည်။ တစ်ဖက်တွင်လည်း အမျိုးသားအဆင့် အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ထားရှိပေးသည့် အချက်ကို ထောက်ခံခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် တစ်ရက် အလုပ်ချိန် ၈ နာရီ အတွက် အနိမ့်ဆုံးလုပ်ခ ၃၆၀၀ ကျပ်ဟု သတ်မှတ်ပေးခဲ့သည်။

ဥပဒေစည်းမျဉ်းများကို လိုက်နာမှုမှ ကျော်လွန်၍ တာဝန်ယူမှုရှိသည့် စီးပွားရေးကျင့်ဝတ် မြှင့်တင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအား အကျိုးစီးပွားမျှဝေခြင်းကို အားပေးခြင်း လုပ်ဆောင်ရာတွင် အစိုးရ လုပ်ဆောင်သင့်သည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတကာကလက်ခံထားသည့် သဘောတူသတ်မှတ်ချက် မရှိပေ။ ဤသို့ငြင်းခုံဆွေးနွေးမှုသည် ယင်းသို့ လုပ်ရှားမှုများက စည်းမျဉ်းဥပဒေများအရ မဖြစ်မနေလုပ်ဆောင်ရမည့်ကိစ္စ သို့မဟုတ် မိမိသဘောအလျောက် လုပ်နိုင်သည့် ကိစ္စဖြစ်သည် ဆိုသည့် မေးခွန်းနှင့် နီးကပ်စွာ ဆက်စပ်နေသည်။ ဥပဒေအရ လိုအပ်သည့် အချက်ထက် ပိုမိုကျော်လွန်ကောင်းမွန်စွာ ချမှတ်လုပ်ဆောင်သည့် ကုမ္ပဏီ၏ မူဝါဒများသည် မိမိတို့ သဘော ဆန္ဒအလျောက် လုပ်ဆောင်ချက်များ ဖြစ်သည်။ သို့သော် အဆိုပါ မူဝါဒများသည် အများပြည်သူများအား ပေးထားသည့် ကတိကဝတ်များဖြစ်ပါက ကျင့်ဝတ်ပိုင်းအားဖြင့်ပါ လိုက်နာလုပ်ဆောင်ရမည့် အချက်များဖြစ်လာသည်။

ပညာရေးနှင့် ကျန်းမာရေးကဲ့သို့ လူမှုရေးဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံရန် အစိုးရကို အခွန်ပေးဆောင်ခြင်းသည် လူမှုဖွံ့ဖြိုးရေးအတွက် မလုပ်မနေရ လုပ်ဆောင်ခြင်းပင် ဖြစ်သည်ဟု ကုမ္ပဏီများသည် ယေဘုယျအားဖြင့် ငြင်းခုံပြောဆိုတတ်ကြသည်။

ဥပဒေထုတ်ပြန်ခြင်း၊ လမ်းညွှန်ချက်သို့မဟုတ် အခြားလှုပ်ရှားမှုများနှင့် သက်သာခွင့်များ အသုံးပြု၍ အစိုးရများအနေဖြင့် ကုမ္ပဏီများအား အထက်ပါအချက်ထက်ပို၍ လုပ်ဆောင်ခြင်းမျိုးဖြစ်လာစေရန် ယခုအခါ စဉ်းစားနိုင်သည်။ ဤအခန်းသည် စီးပွားရေးလုပ်ငန်းများအား ဥပဒေစည်းမျဉ်းများက သတ်မှတ်ထားသည့် အချက်ထက် ကျော်လွန်ကာ လုပ်ဆောင်စေရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှု ဖွံ့ဖြိုးရေးတွင် တက်ကြွစွာ ပါဝင်နိုင်ရန် အကောင်းဆုံး အားပေးနိုင်မည့် နည်းလမ်း စဉ်းစားသုံးသပ်ရာတွင် မြန်မာအစိုးရကို ထင်ဟပ်နိုင်သည့် အာရှဒေသအတွင်း မတူကွဲပြားသည့် အစိုးရတို့၏ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို ဆန်းစစ်ပါမည်။

## ၄.၁။ ဩစတြေးလျ၏ အကူအညီ ပေးရေး မူဝါဒရပ်တည်ချက်

တက်ကြွသည့် ဖွံ့ဖြိုးရေးလုပ်ငန်းမိတ်ဖက်ဖြစ်သည့် အစိုးရများသည် ၎င်းတို့၏ ဖွံ့ဖြိုးရေးကူညီမှု ရရှိသည့် ရံပုံငွေများအသုံးပြု၍ အကျိုးစီးပွားမျှဝေရေးဖော်ဆောင်မှုကို အားပေးနိုင်သည့် အခွင့်အလမ်းရှိသည်။

ပထမအကြိမ်အဖြစ် ဩစတြေးလျအစိုးရ၏ ဖွံ့ဖြိုးရေးမူဝါဒများသည် ပုဂ္ဂလိကကဏ္ဍကို ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးမှုရလဒ်များ ရစေနိုင်သည့် မရှိမဖြစ်အရေးပါသော လုပ်ငန်းမိတ်ဖက်အဖြစ် ရှင်းရှင်းလင်းလင်း ထုတ်ဖော်သတ်မှတ်ထားပြီးဖြစ်သည်။ ယင်းက ဩစတြေးလျနိုင်ငံခြားရေး ဝန်ကြီး ဂျူလီဘစ်ရှော့က ၎င်း၏ အကူအညီပေးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပုဂ္ဂလိကအခန်း ကဏ္ဍ ပါဝင်လာရေး ဝန်ကြီးဌာနဆိုင်ရာ ထုတ်ပြန်ချက်" တွင် မကြာခဏ ထည့်သွင်းပြောကြားခဲ့သည့် ပုဂ္ဂလိက ကဏ္ဍပိုမိုပါဝင်လာခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှု မောင်းနှင်ခြင်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချခြင်း လုပ်ဆောင်ရာတွင် မရှိမဖြစ်အရေးပါသည်ဆိုသည့် အချက်သည် အများက တိုး၍ လက်ခံလာသည့် အချက်ဖြစ်သည်။ [16] "အကျိုးစီးပွားမျှဝေခြင်း" အယူအဆမှာလည်း ဤချဉ်းကပ်နည်းကို ထောက်ပံ့သည်။

ပုဂ္ဂလိကကဏ္ဍသည် ၎င်းတို့၏ ပင်မစီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်းအနေဖြင့် ဖွံ့ဖြိုးရေးရလဒ်များကို ပံ့ပိုးနိုင်ရန် လုပ်ဆောင်ပေးနိုင်သည့် နည်းလမ်းနှင့် လုပ်ကိုင်လိုစိတ်များရှိကြောင်း ဩစတြေးလျ အကူအညီပေးရေး အစီအစဉ်က အသိအမှတ်ပြုသည်။ အလားတူစွာ ဩစတြေးလျအစိုးရကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများအနေအထားနှင့်

ထွက်ပေါ်လာသည့် စျေးကွက်သစ်များအပါ  ၎င်းတို့ နက်ရှိုင်းစွာနားလည်သည့် ဗဟုသုတများကို အခြေခံကာ စီးပွားရေးလုပ်ငန်းများအား

လူမှုအကျိုး သက်ရောက်မှုလုပ်ငန်းစဉ်ကို တက်ကြွစွာ ကြိုးပမ်းလုပ်ဆောင်ခြင်းဖြင့် ဆက်စပ်လုပ်ကိုင်သူများ အားလုံးအတွက် အကျိုးစီးပွားမျှဝေခြင်းဖြစ်စေကြောင်း နားလည် သိရှိစေရန်ပံ့ပိုးဆောင်ရွက်နိုင်သည်။

မြန်မာနိုင်ငံတွင် ဩစတြေးလျအစိုးရသည် လက်ရှိတွင် ပုဂ္ဂလိကကဏ္ဍနှင့်  NGO များနှင့် ပူးပေါင်းကာ စီးပွားရေးအကျိုးအမြတ်များ ဆောင်ကျဉ်းပေးပြီး ဖွံ့ဖြိုးရေးစိန်ခေါ်မှုများ ဖယ်ရှားနိုင်သည့် ရေရှည်တည်တံ့သည့် အကူအညီပေးရေး နည်းလမ်းများ အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဩစတြေးလျအစိုးရသည် ဆင်းရဲမွဲတေမှုပြဿနာကို ဖြေရှင်းရာတွင် စီးပွားရေးအရအကျိုးရှိစေပြီး ရေရှည်တည်တံ့မည့် နည်းလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်နေသည်။ ၎င်းက မြန်မာနိုင်ငံအတွက် ကာလရှည်ကြွယ်ဝမှု ဖန်တီးရာတွင် မရှိမဖြစ် အရေးပါသည်။ ဩစတြေးလျ အစိုးရ၏ အထောက်အပံ့ အစီအစဉ်များအကြောင်း ထပ်မံသိရှိလိုပါက အခန်း ၄.၆ တွင် ကြည့်ရှုနိုင်သည်။

## ၄.၂ 'CSR' အသုံးစရိတ်ဥပဒေပြဋ္ဌာန်းခြင်း

ဂျပန်နှင့် ဩစတြေးလျကဲ့သို့ အချို့သောအစိုးရများသည် တာဝန်ယူမှုရှိသည့် စီးပွားရေးကျင့်ဝတ်နှင့် စပ်လျဉ်း၍ အသေးစိတ်မဟုတ်သည့် ဥပဒေပြဋ္ဌာန်းကျင့်သုံးသည်။ ဥပမာ ဩစတြေးနိုင်ငံသည် ကုမ္ပဏီများအနေဖြင့် အစုရှယ်ယာဝင်များ၏ အကျိုးစီးပွားသာမက လုပ်ငန်းနှင့် ဆက်စပ် လုပ်ကိုင်နေထိုင်သူများ၏ အကျိုးစီးပွားကိုလည်း အသိအမှတ်ပြုရန်လိုအပ်ကြောင်း ဥပဒေပြဋ္ဌာန်းခဲ့သည်။ ယင်းပြဋ္ဌာန်းချက်တွင် အနိမ့်ဆုံးလုပ်ခ၊ ခွဲခြားမှုတိုက်ဖျက်ရေး၊ တန်းတူအခွင့်အလမ်း၊ ပြိုင်ဆိုင်မှုမရှိရေး၊ သွေးဆောင်ခြင်းနှင့် လှည့်ဖျားခြင်းတို့နှင့် စပ်လျဉ်းသည့် ဥပဒေများလည်း ပါဝင်သည်။

သို့သော်လည်း အချို့သောအာရှတိုက်နိုင်ငံများမှာမူ ကုမ္ပဏီများအနေဖြင့် 'CSR' အကောင်အထည် ဖော်ရန် လိုအပ်သည်ဆိုသည့် ယေဘုယျဆန်သည့် ဥပဒေမျှသာ ချမှတ်ခြင်း သို့မဟုတ် ထည့်သွင်းစဉ်းစားခြင်း လုပ်ဆောင်ခဲ့ကြသည်။ အိန္ဒိယက ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် သယံဇာတအရင်းအမြစ်အခြေပြုလုပ်ငန်းများသည် CSR အသုံးစရိတ်အတွက် သီးသန့်လျာထားရမည်ဟု ဥပဒေပြဋ္ဌာန်းသည်။ ဖိလစ်ပိုင်နိုင်ငံ၏ *လူမှုတာဝန်ယူမှုဥပဒေကြမ်းကလည်း* "နိုင်ငံတွင်း စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ရာတွင် CSR ကို သတိပြုလေ့လာရန်" ကုမ္ပဏီများအား တိုက်တွန်းသည် (ဥပဒေကြမ်းသာဖြစ်၍ ဥပဒေအဖြစ် အတည်မပြုရသေး)။ [17] CSRဥပဒေကို ယေဘုကျသဘောသာ ပြဋ္ဌာန်း ကျင့်သုံးသည့် နိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများသည် ဥပဒေအရ လိုက်နာရမည့် အချက်များနှင့် ပတ်သက်၍ ပိ၍ ရှင်းလင်းစွာထုတ်ပြန်ရန် တောင်းဆိုလျက်ရှိသည်။ အထူးသဖြင့် CSR အသုံးစရိတ် လျာထားခြင်း နှင့် စပ်လျဉ်း၍ ဖြစ်သည်။[18]

## အိန္ဒိယ၏ မဖြစ်မနေသုံးစွဲရမည့် CSR အသုံးစရိတ် ဥပဒေပြဋ္ဌာန်းခြင်း

နှစ်ကာလများစွာ လူသိရှင်ကြား ငြင်းခုံကြပြီးနောက် အိန္ဒိယနိုင်ငံသည် မဖြစ်မနေသုံးစွဲရမည့် CSR အသုံးစရိတ် ဥပဒေကို မကြာသေးမီက ရှေ့ဆောင်လမ်းပြ ပြဋ္ဌာန်းနိုင်ခဲ့သည်။ အိန္ဒိယ၏ ၂၀၁၃ ကုမ္ပဏီအက်ဥပဒေ သည် တချို့သောကုမ္ပဏီများအား အဖြစ်မနေထည့်ဝင်သုံးစွဲရမည့် CSR အသုံးစရိတ် သတ်မှတ်ထားရှိသည်။ ဥပဒေအရ သတ်မှတ်ထားသည့် 'CSR လုပ်ငန်းများ'အတွက် ပြီးခဲ့သည့် ၃ နှစ်၏ ပျမ်းမျှအသားတင် အမြတ်ငွေ၏ ၂ % ထည့်ဝင်သုံးစွဲရန် လိုသည်။ ဤဥပဒေအရ ကုမ္ပဏီသည် လုပ်ငန်းတန်ဖိုး အနည်းဆုံး အိန္ဒိယရူပီး သန်း ၅၀၀၀ တန်ဖိုးရှိလျှင်သော်လည်းကောင်း၊ လုပ်ငန်းမှ ဝင်ငွေ အနည်းဆုံး အိန္ဒိယရူပီး ၁၀ ဘီလီယံ ရှိလျှင်သော်လည်းကောင်း၊ သို့မဟုတ် အနည်းဆုံးအသားတင်အမြတ်ငွေ အိန္ဒိယရူပီ သန်း ၅၀ ဖြစ်ပါက အိန္ဒိယနိုင်ငံသားပိုင် ကုမ္ပဏီဖြစ်စေ အိန္ဒိယနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားသည့် နိုင်ငံခြားသားပိုင်ကုမ္ပဏီဖြစ်စေ အကြုံးဝင်သည်။

အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် အတိုင်ပင်ခံလုပ်ငန်းတစ်ခု ဖြစ်သည့် Accenture နှင့်ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများစွာ သည် CSR အတွက် မဖြစ်မနေထည့်ဝင် သုံးစွဲရမည့်အသုံးစရိတ် ဥပဒေထားရှိခြင်းဖြင့် ဖြစ်ပေါ်လာမည့် ပိုမိုကျယ်ပြန့်လာမည့် အခွင့်အလမ်းများကို တဖြည်းဖြည်း လက်ခံလာမည်ဟု ဟောကိန်းအစီရင်ခံစာ တစ်ခု ထုတ်ပြန်ခဲ့သည်။ ဤအခွင့်အလမ်းများတွင် အမျိုးသားအကျိုးစီးပွားတွင် လျစ်လျူရှုခံနေရသည့် ဒေသများရှိ လူမှုပြဿနာအရင်းအမြစ်များ ဖြေရှင်းရန် လုံလောက်သည့် ငွေကြေးထောက်ပံ့ခြင်း၊ စက်မှုလက်မှုလုပ်ငန်းစုနှင့် ရင်းနှီးကျွမ်းဝင်သည့် လူတော်များ စုဆောင်းရေးနှင့် အခြေအနေကို ပြောင်းလဲနိုင်စွမ်းရှိသည့် တီထွင်ဆန်းသစ်မှုအားပေးခြင်းတို့ ပါဝင်သည်။

သို့သော် ရေးဆွဲပြဌာန်းသည့် ဥပဒေကြောင့် အချို့သောပြဿနာများကိုလည်း ဦးတည်ဖြစ်ပေါ်စေခဲ့သည်-

- 'CSR' အဖြစ် သတ်မှတ်နိုင်သည့် လုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်း၊ ကုမ္ပဏီဝန်ထမ်းများကိုသာ အကျိုးရှိစေမည့် လုပ်ငန်းများသည် CSR လုပ်ငန်းများဟု မယူဆကြောင်း သတ်မှတ်ခြင်းဖြင့် ဥပဒေသည် ကုမ္ပဏီများအတွက် ပိုမိုဆန်းသစ် တီထွင်သည့် "အကျိုးစီးပွားမျှဝေခြင်း" စီမံကိန်းများ ရင်းနှီးမြှုပ်နှံရန် အခက် တွေ့စေသည်။ ဖွင့်ဆိုချက်အရ "အကျိုးစီးပွားမျှဝေရေး" လုပ်ငန်းများသည် ပင်မစီးပွားရေးလုပ်ငန်းများနှင့် နီးကပ်စွာဆက်နွှယ်နေသည်ဖြစ်ရာ သီးသန့်အသုံးစရိတ်တစ်ခုအနေဖြင့်အလွယ်တကူ သတ်မှတ်၍ မရပါ။
- 'CSR လုပ်ငန်းများ' ဟု ဆိုရာတွင် စီးပွားရေးလုပ်ငန်းများ၏ ဖြစ်ပေါ်လာနိုင်သည့် ကောင်းသော သက်ရောက်နိုင်မှု နှင့် ဆိုးသောသက်ရောက်နိုင်မှုနှင့် ဆက်နွှယ်လုပ်ဆောင်ခြင်းမျိုးထက် ပြဿနာရပ်များ (ဥပမာ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေး၊ HIV တိုက်ဖျက်ရေးစသည်)အတွက် လုပ်ဆောင်သည့် လုပ်ငန်းများကိုသာ  ကျဉ်းမြောင်းစွာ ဖွင့်ဆိုထားသည်။
- CSR အတွက် သုံးစွဲသည့် ပမာဏပေါ်တွင်သာအဓိက ထားခြင်းသည် 'ဟန်ပြပတ်ဝန်းကျင်ထိန်းသိမ်းရေး'၊ ဟန်ပြ အကျိုးပြုလုပ်ဆောင်သည့် အပြုအမူများကို အားပေးရာရောက်စေပြီး ကုမ္ပဏီများအနေဖြင့် ဆိုးသောသက်ရောက်မှုများကို ဆက်လက် ဖန်တီးနေသော်လည်း လူအထင်ကြီးစရာ စုစုပေါင်း အသုံးစရိတ်များကို လူသိအောင် ပြသနေမည်။ အသုံးစရိတ်ဆိုသည်ကလည်း ကောင်းမွန်စွာ ရေးဆွဲထားခြင်းမျိုးမဟုတ်ပဲ ငွေအသုံးပြုရုံသက်သက် ရေးဆွဲထားသည့် စီမံကိန်းများတွင်သာ ငွေများအလဟဿ ကုန်ဆုံးနိုင်သည်။
- CSR အသုံးစရိတ်တွင် အဓိကထားခြင်းကြောင့် ရန်ပုံငွေများသည် နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်သူများကို ဩဇာလွှမ်းမိုးရန် သို့မဟုတ် ထောက်ပံ့ရန် ဦးတည်နိုင်သည့် အဂတိ လိုက်စားမှုဖြစ်နိုင်ခြေအပါအဝင် အုပ်ချုပ်ရေးပြဿနာများလည်း ဖြစ်ပေါ်စေနိုင်သည်။ အသုံးစရိတ်လျာထားချက် ပြည့်မှီစေရန် ဘဏ္ဍာရေးအချက်အလက်များ မရိုးသားစွာပြောင်းလဲခြင်းများဖြစ်နိုင်သည်။

မဖြစ်မနေအသုံးပြုရမည့် CSR အသုံးစရိတ်ပြဌာန်းခြင်းကို အမြတ်အစွန်းများနှင့် ချိတ်ဆက်ခြင်းကြောင့်  အမြတ်မပေါ်နိုင်သေးသည့် အစောပိုင်းရင်းနှီးမြှုပ်နှံမှု အဆင့်တွင် ကုမ္ပဏီများက လူမှုအဖွဲ့အစည်းဖွံ့ဖြိုးရေးထည့်ဝင်လုပ်ဆောင်ရန် အားလျော့စေနိုင်သည်။ သယံဇာတတူးဖော်ရေးလုပ်ငန်းစုကဲ့သို့သော စီးပွားရေးလုပ်ငန်းများသည် အမြတ်ရနိုင်သည့်စီမံကိန်းများအနေအထားသို့ အချိန်တော်တော်ကြာကြာဖြင့် မရောက်နိုင်ပေ။

နောက်ဆက်တွဲ Appendix I တွင် သမဂ္ဂါယမလုပ်ငန်းဝန်ကြီးဌာနအောက် အဆင့်မြင့် ကော်မတီက အကြံပြုသည့် ဥပဒေအတိုင်း အကောင်အထည်ဖော်မှု တိုးတက်ခြင်း တိုင်းတာသည့် နည်းလမ်းများ အပါအဝင် အိန္ဒိယ၏ အတွေ့အကြုံကို ပိုမိုပြည့်စုံစွာ ထည့်သွင်းထားသည်။

## ၄.၃ အခွန်သက်သာခွင့်များ

စက္ကူပေါ်တွင် ဖော်ပြပါတန်ဖိုးအရ အခွန်သက်သာခွင့်များသည် ပါဝင်သည့်လုပ်ငန်းများအတွက် ငွေကြေးအားဖြင့် စွဲဆောင်နိုင်သည့် စီးပွားရေးလုပ်ဆောင်မှုများပါဝင်ရန်ဆိုသည့် "အကျိုးစီးပွားမျှဝေရေး" အခြေခံဖွင့်ဆိုချက်နှင့် ဆန့်ကျင်နေဟန်ရှိသည်။ သို့သော် ဤဥပမာများမှာ အစိုးရများအနေဖြင့် ကုမ္ပဏီများအား ညင်သာသိမ်မွေ့သည့် နည်းလမ်းဖြင့် တိုက်တွန်းသည့်အနေဖြင့် အခွန်မူဝါဒကို အသုံးချခြင်းဖြစ်သည်။ စွမ်းအင်အသုံးချမှုထိရောက်မှုရှိရေးအတွက် ဥပမာအားဖြင့် စက်ကိရိယာအဟောင်းများနေရာတွင် ပိုမိုထိရောက်မှုရှိသည့် ကိရိယာများနှင့် နည်းပညာ အစားထိုးသကဲ့သို့ အခွန်သက်သာခွင့်များ/ အခွန်လျှော့ချရေးများကို ကုမ္ပဏီများအနေဖြင့် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းအမူအကျင့်များလုပ်ကိုင်လာစေရေးအတွက် ဆွဲဆောင်နိုင်သည့် နည်းလမ်းတစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားနိုင်သည်။

အခွန်သက်သာခွင့်များသည် စီးပွားရေးလုပ်ငန်းများအား အခွန်ဝန်ထုပ်ဝန်ပိုးများထပ်ပိစေခြင်း မရှိဘဲ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ ဖွံ့ဖြိုးရေး အကျိုးသက်ရောက်မှုကို ရည်ရွယ်ပြီး တိုးမြှင့်ပေးနိုင်သည်။ ၎င်းက ဖွံ့ဖြိုးရေးဒေသအသစ်များ သို့မဟုတ် ကနဦး ရင်းနှီးမြှုပ်နှံမှုစွန့်စားရခြင်းများ မြင့်မားသည့် စွန့်ဦးလုပ်ကိုင်သည့် အဖွဲ့အစည်းများအတွက် အထူးအရေးပါသည်။ ဤသက်သာမှုများက ကုမ္ပဏီများ၏ လုပ်ကိုင်ပြုမူမှုများတွင် အပြောင်းအလဲ ဖြစ်စေနိုင်သည့် အတိုင်းအတာသည် နိုင်ငံတစ်ခုစီ၏ တည်ရှိပြီးဖြစ်သည့် "တာဝန်ယူမှု ယဉ်ကျေးမှု" အနေအထားနှင့် အမှန်တကယ်ရှိသည့် ငွေကြေးအားဖြင့် သက်သာခွင့်၏ တန်ဖိုးအရကြီးမားစွာ ပြောင်းလဲတတ်သည်။ ထို့ပြင် အယူအဆ တစ်ခုစီသည် အခွန်သက်သာခွင့်က မည့်သည့် ဈေးကွက် ပုံပျက်ခြင်း ဖြစ်နိုင်သည်ကို ဂရုပြုစဉ်းစားရန် လိုသည်။ အခွန်ဖြတ်ခြင်းများကို မမှန်မကန်အသုံးပြုခြင်းမျိုးမရှိစေရန် မူဝါဒဂရုစိုက် ချမှတ်ရန်လည်း လိုသည်။ ဥပမာ အမှန်တကယ် ကုသိုလ်ဖြစ်လုပ်ငန်းများ လုပ်နေသည့် 'ကုသိုလ်ဖြစ် လှူဒါန်းမှုများမှ' အခွန်ဖြတ်ခြင်းဖြစ်သည်။

### ဂျပန်

ဂျပန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများသည် မိမိတို့ပိုင်ဆိုင်သည့် စွမ်းအင်ချွေတာထိရောက်သည့် ကိရိယာများ၏ ကုန်ကျမှု ၇% နှင့် ညီမျှသည့် အခွန်ကင်းလွတ်ခွင့် ရနိုင်သည်။

## ပါပူအာနယူးဂီနီ

အခွန်မှတ်တမ်းရမှတ်များနှင့် အခွန်ကင်းလွှတ်ခွင့်များကိုလည်း စက်မှုလက်မှုလုပ်ငန်း ထောက်ပံ့ရန် အသုံးပြုနိုင်သည်။ ပါပူအာနယူးဂီနီတွင် ၂၀၀၂ ခုနှစ်မှစတင်၍ ကုမ္ပဏီများနှင့် ဒေသ အစိုးရတို့က ကုမ္ပဏီအခွန်ဆောင်သည့် ပမာဏ၏ ၃၅ % အထိ တန်သည့် ဒေသတွင်း အခြေခံ အဆောက်အဦနှင့် အရင်းအနှီးစီမံကိန်းများ လုပ်ဆောင်ခွင့်ရှိသည့် အခွန်အမှတ်ပေး မူဂါဒ တစ်ခုကို အစိုးရက ချမှတ်ခဲ့သည်။ [19] ဦးစားပေးစီမံကိန်းများ သတ်မှတ်ခြင်း၊ ဒေသတွင်း ထောက်ပံ့ရေးလိုအပ်ချက်များ ချမှတ်ခြင်းအပါအဝင် ဦးစားပေးလုပ်ငန်းများကို ဒေသအစိုးရက သတ်မှတ်ပေးသည်။

## ဩစတြေးလျ

ဩစတြေးလျနိုင်ငံတွင် အကျိုးမခံစားရသည့် ဒေသခံအလုပ်အကိုင် ရှာဖွေသူအများစုအတွက် လေ့ကျင့်ရေးနှင့် အလုပ်အကိုင်ဖန်တီးရေး လုပ်ဆောင်ပေးနေသည့် တီထွင်ဆန်းသစ်မှုရှိသည့် ဒေသခံစီးပွားရေးလုပ်ငန်းအသစ်များအတွက် အခွန်ကင်းလွှတ်ခွင့်အဆင့် သတ်မှတ်ပြဌာန်းရန် the Forrest Review (မူလနေထိုင်သူဩစတြေးလျများနှင့် မူလနေထိုင်သူမဟုတ်သည့် ဩစတြေးလျတို့အကြား မညီမျှမှုအဆုံးသတ်ရေး အထောက်အကူပြုရန် ရည်ရွယ်သည့် လေ့လာဆန်းစစ်ရေးအဖွဲ့) က ထောက်ခံ အကြံပြုထားသည်။ ဤအကြံပြုချက်သည် အခွန်အကျိုးခံစားခွင့်များက စွန့်ဦးလုပ်ကိုင်သည့် အဖွဲ့အစည်းများ၏ ကာလရှည်စီမံကိန်းရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းများနှင့် စွန့်စားလုပ်ကိုင် နိုင်စွမ်းကို အထောက်အကူ ပြုစေနိုင်သည်ဆိုသည့် အချက်ပေါ်တွင် အခြေခံသည်။

## ၄.၄ အစီရင်ခံရန် လိုအပ်ချက်များ

အစီရင်ခံရန် လိုအပ်ချက်များကို ကုမ္ပဏီဥပဒေ၊ စတော့အိတ်ချိန်းစာရင်းသွင်းခြင်း လိုအပ်ချက်များတွင် ထည့်သွင်းနိုင်သည်။ သို့မဟုတ်လည်း မိမိသဘောဆန္ဒအလျောက် လှုပ်ရှား ဆောင်ရွက်မှုများ ပုံစံဖြစ်နိုင်သည်။

ကုမ္ပဏီအက်ဥပဒေများစွာတို့တွင် ဆုံးရှုံးနိုင်သည့် အန္တရာယ်များထုတ်ပြန်ခြင်း သို့မဟုတ် ရေရှည်တည်တံ့မှု ကိစ္စရပ်များထုတ်ပြန်ခြင်းများ ပါဝင်ရန်လိုအပ်သည်။ လွှတ်တော်တွင်း ဆွေးနွေးရန်ကျန်ရှိနေသေးသည့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကြမ်းတွင် ကုမ္ပဏီ၏ မူလစီးပွားရေးလုပ်ငန်းအကြောင်း ဖော်ပြချက်၊ ကုမ္ပဏီ၏ တစ်နှစ်အတွင်း လုပ်ဆောင်ချက်အကြောင်း ဆန်းစစ်ချက်၊ ကုမ္ပဏီက ကြုံတွေ့ရသည့် စွန့်စားမှုအခက်အခဲများနှင့် မသေချာမှုများ၊ အခြားသော ဖော်ပြနိုင်သည့် အကြောင်းကိစ္စများအပါအဝင် ကုမ္ပဏီ၏ လုပ်ငန်းအကြောင်း သင့်တင့်သည့် သုံးသပ်ချက် ပါဝင်ရမည့် နှစ်စဉ် ဒါရိုက်တာများအစီရင်ခံစာ (အခန်းခွဲ ၂၆၁) လိုအပ်ပါမည်။ ၎င်းက မြန်မာနိုင်ငံအတွက် ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းကျင့်ဝတ်ဆိုင်ရာ သတင်းအချက်အလက် ပိုမို ဖွင့်ချနိုင်ရန် ကုမ္ပဏီများကို အားပေးရာရောက်မည့် အခွင့်အလမ်းတစ်ရပ် ကမ်းလှမ်းနေသည်။

တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် စာရင်းဝင်ကုမ္ပဏီများအား တာဝန်ယူမှု ရှိသည့် အလေ့အထများ ရှိလာရန် အောက်ပါအတိုင်း နည်းလမ်းများမှ ညွှန်ကြားရာတွင် စတော့အိတ်ချိန်းက ဦးဆောင်ကြီးကြပ်လျက် ရှိသည်-

- CSR လုပ်ဆောင်ချက်များ မိမိ သဘောဆန္ဒအလျောက် ထုတ်ဖော်ခြင်း
- ရေရှည်တည်တံ့ခိုင်မြဲမှု အစီရင်ခံခြင်း
- ထိုင်းနိုင်ငံ၏ စတော့အိတ်ချိန်းမှ CSR Institute ကဲ့သို့ CSR အင်စတီကျူးရှင်းများ တည်ထောင်ခြင်း

မကြာသေးမီက စတင်ဖွင့်လှစ်သည့် ရန်ကုန်စတော့အိတ်ချိန်းတွင် အလားတူလှုပ်ရှား ဆောင်ရွက် မှုများ ပါဝင်ခြင်း မရှိသေးပါ။

### ဩစတြေးလျ

၂၀၁၁ ခုနှစ် ကော်ပိုရေးရှင်းများ အက်ဥပဒေအရ ဩစတြေးလျနိုင်ငံတွင် ကော်ပိုရေးရှင်းများက သူတို့၏ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များတွင် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှု၊ လုပ်သားအင်အားနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များ မည်မျှအထိ ထုတ်ဖော်ပြသခြင်း အပါအဝင် ရေရှည် တည်တံ့မှုအစီရင်ခံရန် လိုအပ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့် လိုင်စင်များ ချိုးဖောက်ခြင်း ဆိုင်ရာ အစီရင်ခံရန်လည်း လိုအပ်သည်။ သို့သော် ၂၀၀၆ ခုနှစ်တွင် ဩစတြေးလျ လွှတ်တော်၏ ကော်ပိုရေးရှင်းများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ပူးတွဲကော်မတီက လုပ်ပိုင်ခွင့်အာဏာရ အစိုးရများသည် အကြောင်းအရာထက် ပုံသဏ္ဍာန်ကိုသာ အားပေးဖွယ် ရှိသဖြင့် ကုမ္ပဏီဒါရိုက်တာ၏ တာဝန်များနှင့် ရေရှည်တည်တံ့မှုအစီရင်ခံခြင်းဆိုင်ရာ အမိန့် ဥပဒေသည် ဆီလျော်ခြင်း မရှိကြောင်း အသားပေးဖော်ပြသည့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

ဤဥပဒေပြုရေးလုပ်ငန်းစဉ်ကို 'ဥပဒေအဖြစ် မတည်နိုင်သေးသည့်ဥပဒေ' လုပ်ရှားဆောင်ရွက်မှုများဖြင့် (ဆိုလိုသည်မှာ ဥပဒေကြောင်းအရ လိုက်နာစေခြင်း မကျင့်သုံးနိုင်သေးသည့် စဉ်းမျဉ်းများ) အားဖြည့်ထားခြင်း ဖြစ်သည်။ ဩစတြေးလျစတော့အိတ်ချိန်း (Australian Stock Exchange (ASX)) က ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ပြီး ၂၀၁၄ တွင် နောက်ဆုံးပြန်လည်ပြင်ဆင်သည့် ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် အကောင်းဆုံး အလေ့အကျင့်များ အကြံပြုထောက်ခံချက်များဆိုင်ရာ ASX အခြေခံမူများကဲ့သို့ လုပ်ရှားဆောင်ရွက်မှုများ ဖြစ်သည်။ [20] ဤလမ်းညွှန်ချက်များသည် ကော်ပိုရိတ်အုပ်ချုပ်မှု အလေ့အကျင့်များတွင် စာရင်းဝင်ပြီး ကုမ္ပဏီများအား အများသိအောင် လမ်းညွှန်ရန် ရည်ရွယ်သည်။ ၎င်းကုမ္ပဏီများသည် မိမိတို့သဘောဆန္ဒအလျောက် လုပ်ဆောင်သည်ဖြစ်ရာ ၎င်းတို့သည် လမ်းညွှန်ချက်များ မလိုက်နာလိုပါက မလိုက်နာလိုကြောင်းနှင့် အကြောင်းပြချက်ကို ASX နှင့် ရင်းနှီးမြှုပ်နှံသူများထံ ရှင်းလင်းချက်ပေးရန် လိုအပ်သည်။ 'လိုက်နာလိုက လိုက်နာ သို့မဟုတ်ပါက ရှင်းလင်းချက်ပေး' ချဉ်းကပ်ဆောင်ရွက်နည်းကို အခြားနိုင်ငံများတွင်လည်း ကော်ပိုရိတ်အုပ်ချုပ်မှုကိစ္စရပ်များတွင် အသုံးပြုကြသည်။

## သယံဇာတ တူးဖော်ရေးလုပ်ငန်းကဏ္ဍတွင် ပွင့်လင်းမြင်သာရှိရေး လုပ်ရှားဆောင်ရွက်မှု

သယံဇာတတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရှိရေး လုပ်ရှားဆောင်ရွက်မှု (EITI) သည် ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်းလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရေး ကမ္ဘာလုံး ဆိုင်ရာစံနှုန်းဖြစ်သည်။ EITI စံနှုန်းအကောင်အထည်ဖော်သည့် နိုင်ငံများသည် နိုင်ငံ၏ သဘာဝ အရင်းအမြစ်များ တူးဖော်ခြင်းမှ ရရှိသည့် ဝင်ငွေများနှင့် အခြားသတင်းအချက်အလက်များ ဖော်ပြသည့် EITI အစီရင်ခံစာများ ထုတ်ပြန်သည်။ ၎င်းမှာ သဘာဝအရင်းအမြစ်များမှရသည့် ဝင်ငွေများ ပွင့်လင်းမြင်သာစွာ ချပြရေးနှင့် တာဝန်ခံမှုရှိသည့် စီမံခန့်ခွဲရေး တိုးတက်စေရန် ဖြစ်သည်။ ထိုမှရသည့် ဝင်ငွေများမှာ နိုင်ငံနှင့် နိုင်ငံသားများ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဖော်ဆောင် ရေး ရေးရှုမည် ဖြစ်သည်။

၂၀၁၃ ခုနှစ် EITI စံနှုန်းသည် ယခင် ကျဉ်းမြောင်းသည့် စံနှုန်းဟောင်းနေရာတွင် အစားထိုးခဲ့ခြင်း ဖြစ်ပြီး ဝင်ငွေပွင့်လင်းမြင်သာရှိမှုသာမက ပြုပြင်ပြောင်းလဲရေးအတွက် EITI ကို အခြေခံအဆင့် တစ်ခု အဖြစ် ပြုလုပ်နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ် EITI စံနှုန်းပါ လိုအပ်ချက် ၄.၁ (င) အရ သယံဇာတ ဥပဒေ သို့မဟုတ် လုပ်ငန်းစာချုပ်တွင် ခွင့်ပြုထားသည့် တူးဖော်ရေးကုမ္ပဏီများ၏ လူမှုကဏ္ဍ ပစ္စည်းအသုံးစရိတ် ဖော်ပြသည့် EITI အစီခံစာ တင်ပြရန် လိုအပ်သည်။

လူမှုကဏ္ဍအသုံးစရိတ်များ ထုတ်ဖော်ပြခြင်းသည် ဒေသလူထုအပေါ် ကုမ္ပဏီက ကောင်းမွန်သော အုပ်ချုပ်မှုနှင့် လူမှုရေးသက်ရောက်မှုတွင် အကျိုးပြုထားမှုကို သိရှိစေသည်။ သို့သော် ၂၀၁၅ ဒီဇင်ဘာတွင် ထုတ်ပြန်သည့် မြန်မာနိုင်ငံ၏ ပထမဆုံး EITI အစီရင်ခံစာတွင် ပါရှိသည်မှာ "မြန်မာ နိုင်ငံတွင် ဥပဒေအရ သို့မဟုတ် သယံဇာတတူးဖော်ရေးကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့် လုပ်ငန်းစာချုပ်များအရ မဖြစ်မနေ ပေးဆောင်ရသည့် လူမှုရေးငွေပေးချေမှုများ မရှိပါ" ဟူ၍ ဖြစ်သည်။ ထို့ထက် လူမှုကဏ္ဍ အသုံးစရိတ်များသည် ကုမ္ပဏီမူဝါဒများနှင့်အညီ လုပ်ဆောင်သည့် အစီအစဉ်များမှတဆင့် မိမိတို့ သဘောဆန္ဒအလျောက် သုံးစွဲသည့် အသုံးစရိတ်များ ဖြစ်နေသည်။ ကုမ္ပဏီမူဝါဒများတွင် EITI စံနှုန်းများအရ လူမှုအသုံးစရိတ်များ ထုတ်ဖော်ပြသရန် လိုအပ်ချက် မပါရှိချေ။ [21] EITI စံနှုန်း ဆိုသည်မှာ မိမိတို့သဘောဆန္ဒအလျောက် လူမှုရေးအကျိုးပြု လုပ်ဆောင်ခြင်းအတွက် အစီရင်ခံ လုပ်ငန်းစဉ်ဖွံ့ဖြိုးရေး အားပေးတိုက်တွန်းခြင်းသာဖြစ်သည်။ [22]

## ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ် (UN Global Compact: UNGC)

ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ် (UN Global Compact: UNGC) ဆိုသည်မှာ ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများ၏ မဟာဗျူဟာများ၊ လုပ်ငန်းလုပ်ကိုင်မှုများသည် လူ့အခွင့်အရေး၊ လုပ်သား၊ သဘာဝ ပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနယ်ပယ်များတွင် အပြည်ပြည်ဆိုင်ရာ အခြေခံမှု ၁၀ ချက်နှင့် ကိုက်ညီမှု ရှိစေရန်နှင့် ကုလသမဂ္ဂ၏ မျှော်မှန်းချက်များကို ပိုမိုကျယ်ပြန့်စွာ ပံ့ပိုးပေးနိုင်ရန် တောင်းဆိုချက်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းအသင်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများနှင့် မြို့ကြီးများ အားလုံးကို လမ်းဖွင့်ထားသည်။ အဖွဲ့ဝင်တစ်ဦးဖြစ်ရန် အဖွဲ့အစည်း၏ ခေါင်းဆောင်ပိုင်းသည် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းကျင့်ဝတ်ပါ အခြေခံမှုများနှင့်အညီ လုပ်ဆောင်ပါမည်ဟု ကတိပြုရမည် ဖြစ်သည်။ ထို့ပြင် UNGCတွင် ပါဝင်သူအားလုံးသည် တာဝန်ယူမှုရှိရှိ လုပ်ကိုင်ရန်နှင့် လူ့အဖွဲ့အစည်းကိုပံ့ပိုးရန် မိမိတို့ အားထုတ်ကြိုးပမ်းကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြသသည့် လုပ်ငန်းတိုးတက်မှုအကြောင်း နှစ်စဉ်ဆက်သွယ် အသိပေးရပါမည်။

UNGC ဆိုသည်မှာ ရေရှည်တည်တံ့ခိုင်မြဲမှုကို ကိုယ်ထူကိုယ်ထ လုပ်ဆောင်နေသည့် ကမ္ဘာ့ အကြီးမားဆုံး စုပေါင်းလှုပ်ရှားဆောင်ရွက်မှုအဖွဲ့ကြီး ဖြစ်သည်။ လတ်တလော မြန်မာနိုင်ငံတွင် UNGC အဖွဲ့ဝင် ၃၀၀ ကျော်ရှိနေပြီး အာဆီယံတွင် အမြင့်ဆုံးအရေအတွက် ဖြစ်သည်။ ၎င်းသည် စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းရာတွင် ပိုမို ပါဝင်လာဖို့ တောင်းဆိုခြင်း ဖြစ်သည်။ ထို့ပြင် မိတ်ဖက်ဖြစ်လာနိုင်သူများနှင့် ကျယ်ပြန့်သည့် ကွန်ယက် ချိတ်ဆက်နိုင်ခြင်း၊ အကောင်းဆုံးအလေ့အထ လမ်းညွှန်ချက်များ၊ အခြားနည်းစနစ်များ၊ အရင်းအမြစ်များ ရရှိနိုင်ခြင်းတို့ဖြင့် UNGC သည် တီထွင်ဆန်းသစ်မှုနှင့် အများစုပေါင်းလှုပ်ရှားမှုအတွက် အခြေခံအဆောက်အဦတစ်ခု ဖြစ်လာနိုင်သည်။ UNGC အကြောင်း သတင်းအချက်အလက်များ ပိုမိုသိရှိနိုင်ရန်နှင့် အဖွဲ့ဝင်ဖြစ်ရန် မည်သို့ လုပ်ဆောင်နိုင်သည်ကို သိနိုင်ရန် ကျေးဇူးပြု၍ https://www.unglobalcompact.org ကို ကြည့်ရှုစေလိုပါသည်။

## နမူနာ ဖြစ်ရပ်- ရွှေတောင်စီးပွားရေးလုပ်ငန်းစု- အကျိုးစီးပွားမျှဝေရေးနှင့် ပတ်သက်၍ အကြောင်းကြားခြင်း

မြန်မာနိုင်ငံ၏ ဦးဆောင်ကော်ပိုရေးရှင်းများအနက် တစ်ခုဖြစ်သည့် ရွှေတောင်အုပ်စုသည် ၂၀၁၃ မေလမှစတင်ကာ UNGC အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့ပြီး ထိုစဉ်မှစ၍ နှစ်စဉ် လုပ်ငန်းအစီရင်ခံခဲ့ သည်။ UNGC မူ ၁၀ ချက်ကို မိမိတို့ထောက်ခံပံ့ပိုးပေးနေကြောင်း ထပ်မံအတည်ပြုသည့် အနေဖြင့် လုပ်ငန်းတိုးတက်မှုဆက်သွယ်ခြင်း အစီရင်ခံစာ (Communications on Progress; CoP) ၂ ခု ထုတ်ပြန်ခဲ့သည်။

CoP များတွင် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုတို့သည် ရွှေတောင်အုပ်စု လုပ်ငန်းများတွင် ပင်မကျောရိုးအဖြစ် ဆက်လက် တည်ရှိနေဆဲ ဖြစ်ကြောင်း၊ မိမိတို့၏ ကာလရှည်မဟာဗျူဟာများနှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို လမ်းညွှန်လျက် ရှိကြောင်း ဖော်ပြထားသည်။

ရွှေတောင်အုပ်စုက ဖော်ဆောင်သည့် လှုပ်ရှားဆောင်ရွက်မှု နမူနာများကို CoP များတွင် ထင်ရှားစွာ ဖော်ပြထားပြီး အကျိုးစီးပွားမျှဝေရေးဟု ယူဆနိုင်သည်။ ယင်းနမူနာလှုပ်ရှား ဆောင်ရွက်မှုများမှာ-

- **ကျန်းမာရေးမူဝါဒ-** ရွှေတောင်အုပ်စုသည် မိမိတို့ ဝန်ထမ်းများ ဘေးကင်းလုံခြုံပြီး ကျန်းမာသည့် အခြေအနေများတွင် လုပ်ကိုင်နေကြောင်း သေချာအောင် ဆောင်ရွက်ထားရှိသည်။ ကျန်းမာရေးဝန်ထမ်းများကလည်း အလုပ်ပျက်ကွက်မှု ကျဆင်းစေခြင်း၊ ဝန်ထမ်းမြဲမှုနှုန်းမြင့်မားစေခြင်းနည်းဖြင့် လုပ်ငန်းကို အကျိုး ဖြစ်ထွန်းစေသည်။ မိမိတို့ လုပ်ငန်းခွင်များအားလုံးတွင် ဆေးဝါးကုသစစ်ဆေးမှု အခမဲ့စနစ် အဆိုပြုထားပါသည်။ စမတ်ဖုန်းပိုင်သည့် ဝန်ထမ်းများအားလုံးအတွက် မြန်မာနိုင်ငံကြက်ခြေနီ ရှေးဦးသူနာပြု မိုဘိုင်း အက်ပလီကေးရှင်း (mobile apps) တပ်ဆင်ပေးထားသည်။
- **ပတ်ဝန်းကျင်ဆိုင်ရာ အလေးထားမှု-** ရွှေတောင်၏ လက်ရှိတည်ဆောက်ဆဲ အသစ်လွင်ဆုံး ဖော်ဆောင်နေသည့် Junction City သည် သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်ပြီး လူမှုတာဝန်ယူမှုရှိသည့် စီမံကိန်းဖြစ်သည်။ ပတ်ဝန်းကျင် သက်ရောက်မှု နှင့် စွမ်းအင်သုံးစွဲမှု လျှော့ချရန် သဘာဝအပူပေး ဆိုလာရေပူစနစ်၊ အပူရှိန်မြင့်စေသည့် ပစ္စည်းများ၊ LED အလင်းစနစ်၊ ရေဆိုသန့်စင်မှုစနစ်ကဲ့သို့ ရေရှည်တည်တံ့မှုပုံစံ နည်းလမ်းများ ပေါင်းစပ် ပါဝင်သည်။ ပတ်ဝန်းကျင်ကိုသာ အကျိုးဖြစ်ထွန်းစေသည် မဟုတ် Junction City အတွက် အနာဂတ်လုပ်ငန်းလည်ပတ်မှု စရိတ်များ လျှော့ချပေးမည် ဖြစ်ရာ အမြတ်ပိုမိုရရှိစေမည် ဖြစ်သည်။

## ၄.၅။ အစိုးရ၏ပစ္စည်းဝယ်ယူခြင်းနှင့် ကန်ထရိုက်ပေးခြင်း

အစိုးရက ကန်ထရိုက်ပေးသည့် လုပ်ငန်းစဉ်များသည် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်နှင့်/သို့မဟုတ် အကျိုးစီးပွားမျှဝေရေး ဖန်တီးခြင်း အားပေးနိုင်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ အယူအဆများကို ပစ္စည်းထောက်ပံ့ရေးလိုအပ်ချက်များအဖြစ် တည်ဆောက်ခြင်းဖြင့် အစိုးရများသည် အကြီးစား ဝန်ဆောင်မှုဝယ်ယူသူများ ဖြစ်ကြရာ အဆိုပါ တာဝန်ယူမှုရှိစွာလုပ်ဆောင်ရမည့် နားလည်မှုမျိုးကို အစိုးရ၏ ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူသည့်လုပ်ငန်းစဉ်တွင်ထည့်သွင်းခြင်းအားဖြင့် စံနမူနာ ဦးဆောင်ပြသခြင်းဖြင့် စီးပွားရေး လုပ်ငန်းများကို အဆိုပါ နည်းအတိုင်းလုပ်ဆောင်လာစေရန် အားပေးနိုင်သည်။

မကြာသေးမီက မြန်မာနိုင်ငံတယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးများသည် အကျိုးစီးပွားမျှဝေရေး ကို ပိုမိုလုပ်ဆောင်လာစေရန် စွဲဆောင်ရာတွင် လုပ်ငန်းလေလံ ခေါ်ယခြင်းနှင့် ကန်ထရိုက်ချုပ်ဆိုလုပ်ကိုင်စေခြင်းတို့သည့် ကောင်းမွန်သည့် နမူနာကောင်းတစ်ခုဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်း၏ ဖော်ပြထားသည့် ရည်မှန်းချက်များတွင် "အားလုံးအကြုံးဝင်သည့် တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်ရေး ရေးနှင့် ဆင်းရဲမွဲတေမှုလျော့ချရေး" တို့နှင့် အတူ ဆက်သွယ်ရေးဝန်ဆောင်မှုများ ဈေးနှုန်းချိုသာစွာ နှင့် တိုးမြှင့်ရယူသုံးစွဲနိုင်ရေး ပါရှိသည်။ ထို့ပြင် CSRသည် ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေး ကတိပြုချက်များ အပါအဝင် နေပြည်တော်ရှိ တယ်လီဖုန်း ဆက်သွယ်ရေး အော်ပရေတာ တင်ဒါ အကဲဖြတ်ရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီကသည့်လျှောက်ထားသူများ၏ နည်းစနစ်ပိုင်း တင်သွင်းလွှာများအား အကဲဖြတ်ရွေးချယ်ရန် သတ်မှတ်ထားသည့် အချက် ၈ ချက်တွင် တစ်ခု အပါအဝင် ဖြစ်သည်။

## ၄.၆။ အစိုးရထောက်ပံ့ကြေးများ

အစိုးရထောက်ပံ့ကြေးများသည် "အကျိုးစီးပွားမျှဝေရေး" အားပေးနိုင်ပြီး/သို့မဟုတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရရှိစေနိုင်သည်။ ၎င်းထောက်ပံ့ကြေးများသည် ခိုင်မာသည့်နိုင်ငံတစ်ခုတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရန် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍ တို့၏ ပိုင်ဆိုင်မှုများ၊ ချိတ်ဆက်မှုများ၊ တီထွင်နိုင်စွမ်းနှင့် ကျွမ်းကျင်မှုတို့ကို အဆင့်မြှင့်တင်ပေးနိုင်သလို စီးပွားရေးလုပ်ငန်းများအတွက် အမြတ်တိုးပွားအောင်ကိုလည်း ထောက်ပံ့ပေးနိုင်သည်။[23]

### ဩစတြေးလျနိုင်ငံ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

ပုဒ်မ ၄.၁ တွင် ပြဆိုသည့်အတိုင်း ဩစတြေးလျအစိုးရသည် မကြာသေးမီက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ထောက်ပံ့ရန်နှင့် လူ့အရင်းအမြစ် အားကောင်းစေရန် ရည်ရွယ်ပြီး ၎င်းတို့၏ အကူအညီ ပေးရေး အစီအစဉ်ကို ပြန်လည်ပုံဖော်ခဲ့သည်။ အဆိုပါအစီအစဉ်၏ အင်္ဂါရပ်တစ်ခုမှာ စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်သည်။ ၎င်းက စီးပွားရေးလုပ်ငန်းများကို "အကျိုးစီးပွားမျှဝေရေး" မှုများအရ လူမှုရေးနှင့် ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအမြတ်များပေးသည့် ရင်းနှီးမြှုပ်နှံမှုများတွင် ဩစတြေးလျ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အားပေးသည်။

၎င်းအစီအစဉ်သည် AUD ၁၀၀၀၀၀ မှ AUD ၅၀၀၀၀ အထိ ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သူများ၏ ထည့်ဝင်သည့် ရင်းနှီးမြှုပ်နှံမှု ပမာဏအလိုက် ညီမျှသည့် ထောက်ပံ့ခြင်းနှင့် ငြီး အတွက် AUD ၂၀၀၀၀၀ မှ AUD ၁ သန်း ပူးတွဲရင်းနှီးမြှုပ်နှံမှုအထိ ဖြစ်လာနိုင်သည့် ဩစတြေးလျအစိုးရ၏ဖွံ့ဖြိုးရေးနှင့် လုပ်ငန်းထုံးချွန်မှု အစီအစဉ် ရရှိစေသည်။ မိတ်ဖက်အဖွဲ့များသည် မူ ၃ ချက် အခြေခံသည့် "ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စီးပွားရေးနှင့် လူမှုအခြေအနေများ တိုးတက်စေသည့် တိုင်းတာလွယ်သည့် အကျိုးစီးပွားမျှဝေရေး ပူးပေါင်းဆောင်ရွက်သူများ" ပေါ်ထွက်လာရေးရည်မှန်းချက်ကို ဦးတည်သည်။

၁) ဩစတြေးလျနိုင်ငံ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များရရှိအောင်မြင်စေခြင်း

၂) ထောက်ပံ့မှုအကူအညီဖြင့် မိတ်ဖက်ပြုသည့် စီးပွားရေးလုပ်ငန်းများ အရေအတွက် တိုးပွားလာခြင်း

၃) ပုဂ္ဂလိကကဏ္ဍမိတ်ဖက်များ၏ ကူးသန်းရောင်းဝယ်ရေး အကျိုးစီးပွားနှင့် လူမှုအကျိုးသက်ရောက်မှု မြှင့်တင်ခြင်း

## ၄.၇။ အသိအမှတ်ပြုခြင်း၊ ဆုများနှင့် ချီးမြှင့်မှုများ

အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ပေးသည့် CSR၊ ရေရှည်တည်တံ့ခိုင်မြဲမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းတာဝန်ယူမှု ဆု စသည်ဖြင့် ဆုများစွာမရေတွက်နိုင်အောင် ရှိပါသည်။ အဆိုပါဆုများမှာ အလေ့အကျင့်ကောင်းများမျှဝေနိုင်ပြီး ကုမ္ပဏီများကိုလည်း ယင်းအလေ့အကျင့်ကောင်းများ လက်ခံရန်နှင့် တီထွင်ဆန်းသစ်စေရန် စွဲဆောင်နိုင်သည်။

### ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်၏ စီးပွားရေးအသိုက်အဝန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ မှုအာ

၁၉၉၈ ခုနှစ်တွင် ဩစတြေးလျအစိုးရသည် စီးပွားရေးအသိုက်အဝန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို တည်ထောင်ခဲ့ပြီး ယင်းအဖွဲ့တွင် ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်၊ လူမှုဝန်ထမ်းရေးရာ ဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ အဆိုပါအဖွဲ့တွင် လူမှုအဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်း ကဏ္ဍများမှ ခေါင်းဆောင်များပါဝင်ပြီး၊ ဩစတြေးလျတွင် လူထုအခြေပြု စီးပွားရေးမိတ်ဖက်အဖွဲ့အစည်း ဖြစ်ပေါ်ရေး၊ ပရဟိတဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးအဖွဲ့အစည်း အဖြစ် လုပ်ဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများမှ ထည့်ဝင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်သည်။ ၎င်းအဖွဲ့မှ လူထုအခြေပြု စီးပွားရေးလုပ်ငန်းမိတ်ဖက်ပြုမှု ထူးချွန်ဆုလည်း ပေးအပ်သည်။ ယင်းသို့ဆုများပေးအပ်ချီးမြှင့်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများက ၎င်းတို့လုပ်ကိုင်နေရာ ဒေသတွင် လူမှုရေးနှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုကို အကျိုးပြုနိုင်သည့် အချက်ကို ပိုမိုသိရှိနားလည်လာအောင် လုပ်ဆောင်နိုင်သည်။ ယင်းဆုများသည် ဒေသတွင် ကြုံတွေ့ရသည် စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးနိုင်သည့် စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းပူးပေါင်းလုပ်ဆောင်သော စီမံကိန်းများ ဆောင်ရွက်မှုများကို အသိအမှတ် ပြုသည်။

ယခင်ဆုရရှိသူများတွင် "HarbourKeepers" အစီအစဉ်အတွက် 2007 NSW Small Business Award ရရှိခဲ့သူ Plunhr Diving with National Parks Association of New South Wales (NSW) ပါဝင်သည်။ ၎င်းအစီအစဉ်သည် Sydney Harbour၊ ယင်း၏ ကမ်းစပ်များနှင့် ကျွန်းများကို ကာကွယ်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရှာဖွေလေ့လာရန် လူထုအခြေပြုအဖွဲ့များ အတွက် အခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးလျက်ရှိသည်။

## Nestle ၏ အကျိုးစီးပွားမျှဝေရေးဖန်တီးမှုဆု

ကမ္ဘာတွင် အာဟာရ၊ ကျန်းမာရေးနှင့် ကြံ့ခိုင်ရေးနာမည်ကြီးကုမ္ပဏီတစ်ခုဖြစ်သည့် Nestle သည် တီထွင် ဆန်းသစ်ပြီး စီးပွားရေးအရ လည်း တွက်ခြေကိုက်သည့်၊ အာဟာရ၊ ရေ သို့မဟုတ် ကျေးလက် ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး အကျိုး သက်ရောက်မှုမြင့်မားသည့် အစီအစဉ်များအတွက် ဆုချီးမြှင့်သည့် အကျိုးစီးပွားမျှဝေရေးဖန်တီးမှု Nestle Prize ကို တီထွင်ခဲ့သည်။ ဆုမှာ တစ်ဦးတစ်ယောက်ချင်း၊ အကျိုးအမြတ် အဓိက မထားသည့် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလူမှုစီးပွားရေးလုပ်ငန်းများ နှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများအား ချီးမြှင့်ပေးအပ်သည်။ Nestle သည် ဆုရသည့် လုပ်ရှားဆောင်ရွက်မှုအဖွဲ့များကို ရေရှည်တည်တံ့သည့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ယင်းလှုပ်ရှားဆောင်ရွက်မှုများတွင် ငွေကြေးနှင့် နည်းပညာ အရင်းအမြစ်များ ရင်းနှီးမြှုပ်နှံသည်။ ဆုရသူများမှာ ဆုရငွေစုစုပေါင်း CHF ၅၀၀၀၀၀ (USD 54000 နီးပါး) မျှဝေသည်။

၂၀၁၄ ခုနှစ်တွင် အကျိုးစီးပွားမျှဝေရေးဖန်တီးမှုဆုကို စိုက်ပျိုးထုတ်လုပ်သူများကို မျှတသည့် ဈေးနှုန်းပေးသည့် ပျားရည်ရောင်းဝယ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Honey Care Africa အား ချီးမြှင့်ခဲ့သည်။ ကုမ္ပဏီ၏ ရည်ရွယ်ချက်မှာ ပျားရည်ထုတ်လုပ်မှုမှတဆင့် သိသာသည့် ထပ်ဆောင်း ဝင်ငွေဖန်တီးရန် ကျေးလက်နေ တနိုင်တပိုင်လုပ်ကိုင်သူ အိမ်ထောင်စုများအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်သည်။ အရှေ့အာဖရိကမှ ဒုတိယလိုက်ခဲ့သည့် အဖွဲ့အစည်းနှစ်ခု ရှိခဲ့သည်။ ၎င်းတို့မှာ တန်ဇန်နီးယားတွင် ကျေးလက် သောက်သုံးရေ၊ ရေဆိုးစနစ်နှင့် တကိုယ်ရေသန့်ရှင်းမှု အစီအစဉ်များ လုပ်ဆောင် နေသည့် အကျိုးအမြတ်မယူသည့် MSABI အဖွဲ့နှင့် ဒေသခံ အသေးစား စွန့်ဦးလုပ်ကိုင်သူများကို အသေးစားအရည်အသွေးမြင့် ရေဆိုးစနစ်များ ထုတ်လုပ်ခြင်း၊ ကိုယ်စားလှယ်ယူ ရောင်းဝယ်ပေးခြင်း၊ လူ့အညစ်အကြေးများ စုဆောင်းဖယ်ရှားပြီးနောက် မြေသြဇာနှင့် စွမ်းအင်ကဲ့သို့ တန်ဖိုးမြင့် ဘေးထွက်ထုတ်ကုန်များအဖြစ် ပြောင်းလဲခြင်း လုပ်ကိုင်နေသည့် Sanergy ခေါ် လူမှုရေးလုပ်ငန်းတစ်ခု ဖြစ်သည်။

## မြန်မာနိုင်ငံပြည်တွင်းအခွန်များ ဦးစီးဌာန၏ ထိပ်တန်းအခွန်ထမ်းဆောင်သူများစာရင်း

လူထုက အသိအမှတ်ပြုခြင်း၊ မီဒီယာတွင် သတင်းအဖြစ် ပါရှိခြင်း သို့မဟုတ် ဆုချီးမြှင့်ခံရခြင်းများကဲ့သို့ လူထု အသိအမှတ် ပြုခြင်းသည်လည်း စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်သိတတ်မှုအကြောင်း ပိုမိုကျယ်ပြန့်သည့် အများပြည်သူများသိရှိအောင် အသိပညာပေးလုပ်ဆောင်ရာတွင် အလွန်အရေးပါသည်။ မကြာသေးမီနှစ်များတွင် KBZ ဘဏ်သည် နိုင်ငံတော်သို့ ဝင်ငွေအများဆုံးပေးဆောင်မှုဆု ကဲ့သို့ နိုင်ငံသား ကောင်းဆုတံဆိပ်များ ရရှိခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် KBZ ဘဏ်သည် မြန်မာကျပ်ငွေ ၁၇ ဘီလီယံကျော်ကို (အကြမ်းဖျဉ်း အမေရိကန်ဒေါ်လာ ၁၄သန်း) ဝင်ငွေခွန်အဖြစ် ပေးခဲ့သည်။

## စင်ကာပူ အိတ်ချိန်း၊ စာရင်းအင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ စည်းမျဉ်းစည်းကမ်းများကြီးကြပ်သည့် အဖွဲ့ ၏ အကောင်းဆုံး စီမံခန့်ခွဲမှုအဖွဲ့ဆု

အကောင်းဆုံးစီမံခန့်ခွဲမှုအဖွဲ့ဆု (The Best Managed Board Award - BAMB) သည် စင်ကာပူအိတ်ချိန်း၊ စာရင်းအင်းနှင့် ကော်ပိုရိတ် ဥပဒေအာဏာပိုင်အဖွဲ့မှ ပံ့ပိုးသည့် နှစ်စဉ် ပေးအပ်သည့် ဆုတစ်မျိုးဖြစ်သည်။ ၎င်းက စင်ကာပူတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီများတွင် စီးပွားရေးလုပ်ငန်းများ၏ အုပ်ချုပ်မှုအလေ့အကျင့်များကို ခြုံငုံပြီး အကောင်းဆုံးဖြစ်သည့် အဖွဲ့ကို ချီးမြှင့်ခြင်းဖြစ်သည်။ Yoma Strategic Holdings Ltd သည် ၂၀၁၅ ခုနှစ်တွင် BMBA ငွေတံဆိပ်ဆုကို ရရှိခဲ့သည်။[24]

## အာရှ CSRဆိုင်ရာ ဆုများ

အာရှ CSRဆိုင်ရာဆုများအစီအစဉ်သည် စီးပွားရေးလုပ်ငန်းများ၏ ရပ်တည်ချက်နှင့် လုပ်ငန်းလုပ်ဆောင်ချက်များတွင် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူမှု မှုများထားရှိခြင်းအတွက် အဖွဲ့အစည်းများ ကို အသိအမှတ်ပြုသည့် အစီအစဉ်ဖြစ်သည်။ အပူတပြင်းဖြစ်ပေါ်လာနေသည့် လူမှုရေးဆိုင်ရာစိန်ခေါ်မှုများအတွက် ဆန်းသစ်ပြီး ရေရှည်တည်တံ့သည့် အဖြေရှာနည်းများနှင့် ဆက်စပ်လုပ်ကိုင်သူများထံ ဝန်ဆောင်မှုပေးများ အနေအထားကို ကြည့်ပြီး ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည့် အစီအစဉ်များအား ဆုများကို ချီးမြှင့်ခြင်းဖြစ်သည်။

ဆုရရှိသူများသည် ကုမ္ပဏီ၏ ခေါင်းဆောင်မှု၊ ရိုးသားမှုနှင့် စီးပွားရေးလုပ်ငန်းများ ရှိသင့်သည့် ကျင့်ဝတ်တန်ဖိုးများ အစဉ်တစ်စိုက် ကတိကဝတ်ပြုလုပ်ဆောင်မှုများ၊ ဥပဒေနှင့် အညီ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ တစ်ဦးတစ်ယောက်ခြင်းအပေါ် လေးစားမှုထားရှိချင်း၊ ၄င်းတို့ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်မှု နှင့် ဒေသခံပြည်သူများပါဝင်နိုင်မှုတို့ကို ပြသနိုင်ရမည်ဖြစ်သည်။ ဆုအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမွန်မှု
- ပညာရေးဆိုင်ရာတိုးတက်မှု
- ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး
- ကျန်းမာရေးမြှင့်တင်မှု

၂၀၁၅ ခုနှစ ဆုရရှိသူများထဲတွင် အိန္ဒိယရှိ Buksh Foundation က ဆောင်ရွက်နေသည့် Lighting a Million Lives စီမံကိန်းပါဝင်ခဲ့သည်။ ယင်းမှာ အိန္ဒိယနိုင်ငံရှိ စွမ်းအင်အပြည့်အဝမရရှိသေးသည့် ဒေသများအတွက် သန့်ရှင်းပြီး အားထားလောက်သည့် အလင်းရောင်အရင်အမြစ်များကို နေရောက်ခြည်သုံး နည်းပညာများမှ ရရှိစေခြင်းဖြင့် သူတို့ဘဝအရည်အသွေးကို တိုးတက်အောင် လုပ်ကိုင်နေသည့် စီမံကိန်းဖြစ်သည်။

ထို့ပြင် ဆုချီးမြှင့်ရေးကော်မတီသည် CSR သက်ရောက်မှုဆု အတွက် အစီအစဉ်တစ်ခုကို ရွေးချယ်ချီးမြှင့်နိုင်သည်။ CSR သက်ရောက်မှုဆုသည့် သိသာသည့် ရေရှည်အကျိုးသက်ရောက်မှု ရှိစေမည့် လုပ်ငန်းများကို အစဉ်တစ်စိုက် လုပ်ဆောင်နေသည်မှတ်တမ်းကောင်းရှိပြီး တီထွင်ဆန်းသစ်မှုနှင့် အခြားနေရာများတွင်လည်း အသုံးပြုနိုင်မှု ရှိသည့် အစီအစဉ်ကိုဂုဏ်ပြုဆုချီးမြှင့်ခြင်း ဖြစ်သည်။ ၂၀၁၅ ခုနှစ် CSR အကျိုးသက်ရောက်မှုဆုရသူမှာ စင်ကာပူနိုင်ငံမှ Sealed Air Soap for Hope ဖြစ်သည်။ ၎င်းသည် နိုင်ငံ ၁၀ ခုတွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး အခက်အခဲတွေ့ကြုံနေသည့် လူထုများကို ဆပ်ပြာအပိုင်းအစများ ချွေတာစုဆောင်းထားပြီး ၎င်းတို့ကို ဆပ်ပြာတောင့် အသစ်များအဖြစ် ပြုပြင်ဖို့ သင်ကြားပေးသည်။

### Intel-AIM ၏ စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူမှုဆုချီးမြှင့်ခြင်း

Intel-Asian Institute of Management Corporate Responsibility Award (IACRA) သည် CSR ကို စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် ထည့်သွင်းလုပ်ဆောင်ပြီး CSR ကို ၄င်းတို့ လုပ်ငန်းတွင် ပေါင်းစပ်ထားသည့် ကုမ္ပဏီများကို အသိအမှတ်ပြုလုပ်ဆောင်လျက်ရှိသည်။ အဆိုပါဆုရရှိရန် ကုမ္ပဏီများသည် ၄င်းတို့ အဖွဲ့အစည်းအတွင်းတွင်သာမက ပြင်ပတွင် ၄င်းတို့နှင့် ဆက်စပ်လုပ်ကိုင်သူများကိုပါ CSR လုပ်ဆောင်မှုများကို လုပ်ဆောင်ရန် တက်ကြွစွာတိုက်တွန်း ဆောင်ရွက်နေကြောင်းကို ပြသရမည်ဖြစ်သည်။

အဓိကသတ်မှတ်ချက်မှာ အဖွဲ့အစည်းတစ်ခုသည် CSR ကို မိမိတို့ လုပ်ငန်းလုပ်ကိုင်သည့် နည်းလမ်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်တိုင်းတွင် ထင်ရှားသည့် အကျိုးသက်ရောက်မှုတစ်ခုရှိပြီး ရေရှည်တည်တံ့မှုရှိသည့် CSR စီမံကိန်း သို့မဟုတ် အစီအစဉ်များ အကောင်အထည်ဖော်ပြီးရန် ဖြစ်သည်။ ထို့ပြင် အဆိုပါကုမ္ပဏီများသည် အများစံနမူနာယူစရာဖြစ်သင့်ပြီး အတုယူစရာ ဉသင့်ပြီး မိမိတို့နှင့် ဆက်စပ်လုပ်ကိုင်သူများ၊ လုပ်ငန်းချိတ်ဆက် လုပ်ကိုင်နေသူများ၊ လူမှုအဖွဲ့အစည်းများအပေါ် ကောင်းမွန်သောသက်ရောက်မှုများ ရောက်ရှိအောင် လုပ်ဆောင်နိုင်သူများဖြစ်သင့်သည်။

၂၀၁၅ ခုနှစ်တွင် ဆုရရှိသူမှာ Chiva-Som International Health Resort ဖြစ်သည်။ အဖွဲ့အစည်း၏ ရေရှည်တည်တံ့မှုရေး ခိုင်မာသည့် ကတိကဝတ်ပြုဆောင်ရွက်ချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် အဆိုပါဆုကို ချီးမြှင့်ခံရခြင်းဖြစ်သည်။ ၎င်း၏ တာဝန်ယူမှုအစီအစဉ် (Chiva-Som Responsibility program) သည် တာဝန်ယူမှု ရှိပြီး ကျင့်ဝတ်ပြည့်စုံသည့် စီးပွားရေးလုပ်ငန်းအလေ့အကျင့်များကောင်းများထားရှိခြင်းဖြင့် ကုမ္ပဏီ ဝင်ငွေတိုးပွားစေခဲ့ပြီး တစ်ဖက်တွင်လည်း ဆက်စပ်လုပ်ကိုင်သူများ၏ လိုလားချက်များကို ဖြည့်စည်းနိုင်ခဲ့သည်။

## ၄.၈။ အဆင့်သတ်မှတ်ပေးခြင်း

ခိုင်မာပြီး ပွင့်လင်းမြင်သာသည့် လိုအပ်ချက်စံနှုန်းများကို အခြေခံပြီး အရည်အသွေး အကဲဖြတ်သူများကကြီးကြပ်လုပ်ဆောင်သည့် ထိရောက်မှုရှိသည့် အဆင့် သတ်မှတ်ပေးခြင်းသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များတွင် အပြောင်းအလဲများဖြစ်ပေါ်လာစေရန် ပံ့ပိုး၊ စွဲဆောင်နိုင်သော အစွမ်းထက်သည့် နည်းလမ်းများ ဖြစ်သည်။ အဆင့်သတ်မှတ်ပေးခြင်းတွင် စီးပွားရေးလုပ်ငန်းများအား ပိုမိုကောင်းမွန်သည့် လုပ်ငန်းများ ဖြစ်လာစေရန်၊ ယင်းစီးပွားရေးလုပ်ငန်းများနှင့် သို့မဟုတ် ယင်းစီးပွားရေးလုပ်ငန်များအတွက် အလုပ်လုပ်ကိုင်လိုသည့် ကျွမ်းကျင်ပညာရှင်များ ရှိလာစေရန် သို့မဟုတ် အဆိုပါ စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စားသုံးခြင်း၊ ဝယ်ယူအားပေးခြင်း ပြုလိုသူများ ရှိလာစေရန် အားပေးသဖြင့် ကောင်းမွန်သည့် ပြိုင်ဆိုင်မှုကို ဖြစ်ထွန်းစေနိုင်သည့် အကျိုးသက်ရောက်မှု ရှိသည်။ ထို့ကြောင့် အဆင့်သတ်မှတ်ခြင်းသည် မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ရှိစေရန် မက်လုံးပေး စွဲဆောင်နိုင်ရာတွင် ထိရောက်သည့် နည်းလမ်းတစ်ခု ဖြစ်နိုင်သည်။

## Fortune မဂ္ဂဇင်း၏ Change the World စာရင်း

၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သည့် Fortune မဂ္ဂဇင်း၏ "Change the World " စာရင်းသည် အဓိကလူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ၄င်းတို့ စီးပွားရေးလုပ်ငန်း မဟာဗျူဟာနှင့် တီထွင်ဆန်းသစ်မှု၏ အဓိကအစိတ်အပိုင်း တစ်ခုအဖြစ် ဖြေရှင်းနိုင်သည့် ထိပ်တန်းကုမ္ပဏီ ၅၀ ကို အသားပေးဖော်ပြသည်။ အကျိုးစီးပွားမျှဝေရေး အောင်မြင်စွာ ဖန်တီးနိုင်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို အဆင့်သတ်မှတ်သည့် လုပ်ရပ်များတွင် ပထမဆုံးထွက်ပေါ်လာသည့်စာရင်းလည်း ဖြစ်သည်။ ၎င်းမှာ စီးပွားရေးလုပ်ငန်းများအား ၄င်းတို့၏ လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် အပြုသဘောအကျိုးသက်ရောက်စေသည့် စီးပွားရေးလုပ်ငန်းဆန်းသစ်မှုအရ ယှဉ်ပြိုင် အသိအမှတ်ပြုခြင်းဖြစ်သည်။

ယုံကြည်စိတ်ချရမှုရှိစေရန် Fortune မဂ္ဂဇင်းသည် စာရင်းပြုစုခြင်းနှင့် စာရင်းအတွက် သုတေသနပြုလုပ်ခြင်းလုပ်ငန်းများအတွက် ပါမောက္ခ မာ့ခ် ခရာမာက ဦးဆောင်ပြီး ပါမောက္ခ မစ်ခေးပေါ်တာက လမ်းညွှန်မှုပေးသည့် အကျိုးအမြတ်မယူသော အကြံပေး ်အဖွဲ့တစ်ခု ဖြစ်သည့် အကျိုးစီးပွားမျှဝေရေးလုပ်ရားဆောင်ရွက်မှုအဖွဲ့မှ ကျွမ်းကျင်သူများနှင့် လုပ်ဆောင်ခဲ သည်။ ၂၀၁၅ ခုနှစ်တွင် စာရင်း၏ ထိပ်ဆုံးမှ ရပ်တည်သည့် ကုမ္ပဏီ ၃ ခုမှာ Vodafone and Safaricom၊ Google နှင့် Toyota တို့ဖြစ်ကြသည်။ ဤ သဘောထားစာတမ်း အကြမ်းပြုစုချိန်တွင် အကျိုးစီးပွားမျှဝေရေး လုပ်ရားဆောင်ရွက်မှုအဖွဲ့သည် ၂၀၁၆ ခုနှစ် Change the World List 2016 အတွက် ကုမ္ပဏီအားအဆိုပြုအမည်စာရင်းတင်သွင်းရန်ဖိတ်ခေါ်လျက်ရှိသည်။

## MCRB ၏ ပွင့်သစ်စ/ TiMEအစီရင်ခံစာ

မြန်မာနိုင်ငံတွင် MCRB ၏ ပွင့်သစ်စ အစီရင်ခံစာ/ TiME အစီရင်ခံစာသည် မြန်မာစီးပွားရေး လုပ်ငန်းများအကြား ပွင့်လင်းမြင်သာမှု မြှင့်တင်ပေးရန် ရည်ရွယ်သည်။ အကြီးဆုံးမြန်မာ ကုမ္ပဏီ ၁၀၀ ၏ ဝက်ဆိုက်များ နှိုင်းယှဉ်ကြည့်ပြီး ၎င်းကုမ္ပဏီများ၏ စုပေါင်းအုပ်ချုပ်မှုနှင့် စီးပွားရေး လုပ်ငန်း အလေ့အကျင့်များအကြောင်း ၎င်းတို့ ထုတ်ဖော်ပြောဆိုသည့် အချက်များအရ အမှတ် ပေးရန် မေးခွန်း ၃၅ မေးမြန်းသည်။ အထူးသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အဖွဲ့လိုက် ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝ ပတ်ဝန်းကျင် တို့နှင့် စပ်လျဉ်း၍ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် ပထမဆုံး အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဒုတိယမြောက် အစီရင်ခံစာ ထုတ်ပြန်ရာ ဦးဆောင်နေသည့် ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှု သိသာစွာ တိုးတက်လာကြောင်း တွေ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ပွင့်လင်းမြင်သာမှုအရှိဆုံး မြန်မာကုမ္ပဏီမှာ (၂၀၁၄ တွင် အဆင့် ၉ ရသည့်) Serge Pun and Associates (SPA) ဖြစ်ပြီး (၂၀၁၄ တွင် အဆင့် ၃ ရသည့်) မက်စ်မြန်မာက ၎င်းနောက်မှ ရမှတ်အလွန်နီးကပ်စွာ လိုက်နေသည်။ (၂၀၁၄ တွင် အဆင့် ၁ ရသည့်) KBZ က ဒုတိယနေရာတွင် ရှိသည်။

# နိဂုံးချုပ် ကောက်ချက်

ဤစာတမ်းသည် ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်း၏ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များအကြား သုတေသန၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ခြင်း၏ ရလဒ် ဖြစ်သည်။ 'အကျိုးစီးပွားမျှဝေရေးဖော်ဆောင်မှု' အယူအဆသစ်က မြန်မာနိုင်ငံအတွက် မည်သို့ရည်ရွယ်နိုင်သည်နှင့် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးမှုအတွက် မည်သို့ အကျိုးပြုနိုင်သည်ကို စူးစမ်းလေ့လာရန် ဤအဖွဲ့က နည်းလမ်းရှာခဲ့ကြသည်။

အကျိုးစီးပွားမျှဝေရေးအယူအဆကို ဝေဖန်သူများ မရှိမဟုတ် ရှိပါသည်။ စီးပွားရေး အခြေအနေ အရပ်ရပ်တွင် ပြဿနာအလုံးစုံကို ဖြေရှင်းနိုင်သည် သို့မဟုတ် အဓိပ္ပါယ်ပြည့်ဝ နေသည် မဟုတ်ချေ။ သို့သော် ကောင်းမွန်သော စီးပွားရေး ကို အဓိပ္ပါယ်ရှိလာစေနိုင်သည့် အလားအလာရှသည်။ ၎င်းက အရှည်တည်တံ့သော အခြေခံတစ်ရပ်ပေါ်တွင် လူမှုရေးဆိုင်တိုးတက်မှု ဆောင်ကြဉ်းနိုင်စေရန် ကုမ္ပဏီများ၏ အရွယ်အစားနှင့် တီထွင်ဆန်းသစ်မှုကို ဖြစ်စေသည်။ သို့ဖြစ်ပါ၍ ဤအဖွဲ့သည် မြန်မာအစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ NGO များနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများအား တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးစီးပွားမျှဝေရေး ဖန်တီးမှု ရှိစေရန် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအား မည်သို့ မက်လုံးပေးစွဲဆောင်မည်နှင့် ပတ်သက်၍ ဤစာတမ်းပါ အကြံပြုချက်များအပေါ် အလေးထား သုံးသပ်ရန် တိုက်တွန်းလိုပါသည်။ (အကြံပြုချက်များကို စာမျက်နှာ ၁၂ တွင် ကြည့်ရှုပါ)

အဖွဲ့သည် အခြားသူများအပြင် ပိုမိုကျယ်ပြန့်သည့် စီးပွားရေးလုပ်ငန်းဝန်းကျင်မှ အကြံပြုချက်များ ရရှိရန် ဤစာတမ်းကို ထုတ်လုပ်ဖြန့်ဝေရခြင်းလည်း ဖြစ်သည်။ လူထုပါဝင် ဆွေးနွေးမှုသည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးသည့် အစိုးရမူဝါဒများထွက်ပေါ်လာရေးသို့ ဦးတည်လိမ့်မည့်ဟု ဤလုပ်ငန်းအဖွဲ့က မျှော်လင့်သည်။ မြန်မာနိုင်ငံ အနေဖြင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ကောင်းစွာအသုံးချပြီး ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှုကို ရရှိစေပြီး အခြားနိုင်ငံများအတွက် အတုယူစရာ နမူနာကောင်းတစ်ခု ဖြစ်နိုင်သည်ကို ပြသရန် ဤလုပ်ငန်းအဖွဲ့အနေဖြင့် အစိုးရနှင့် အခြားစိတ်ဝင်စားသည့် အဖွဲ့အစည်းများနှင့် နီးကပ်စွာ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်ကိုလည်း မျှော်လင့်ပါသည်။

# နောက်ဆက်တွဲ ၁- အိန္ဒိယ၏ CSR ဥပဒေပြဋ္ဌာန်းခြင်း

## အိန္ဒိယ၏ မဖြစ်မနေ လုပ်ဆောင်ရသည့် CSR ဥပဒေဆိုသည်မှာ ၁

၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အိန္ဒိယကုမ္ပဏီများ အက်ဥပဒေ ၂၀၁၃ (အက်ဥပဒေ) ၏ သက်ဆိုင်ရာ ပုဒ်မများ ဥပဒေသက်ရောက်သည်ဖြစ်ရာ ဥပဒေအရကုမ္ပဏီများသည် CSR လုပ်ငန်းများအတွက် ပြီးခဲ့သည့် ၃ နှစ်စာ ပျမ်းမျှအမြတ်၏ ၂ ရာခိုင်နှုန်း သုံးစွဲရမည်ဖြစ်သည်။ ဤဥပဒေအရ ကုမ္ပဏီသည် အသားတင်တန်ဖိုး အနည်းဆုံး INR ၅၀၀၀ သန်း (USD ၇၃.၂ သန်း) ရှိလျှင်သော်လည်းကောင်း၊ လုပ်ငန်းတန်ဖိုး အနည်းဆုံး INR ၁၀၀၀၀ သန်း (USD 146.5 သန်း) ရှိလျှင်သော်လည်းကောင်း သို့မဟုတ် အသားတင် အမြတ် အနည်းဆုံး INR ၅၀ သန်းရှိပါက (USD ၇.၃ သန်း) အိန္ဒိယနိုင်ငံသားပိုင် ကုမ္ပဏီများနှင့် (အိန္ဒိယနိုင်ငံတွင် ရုံးခွဲရှိသည့်) နိုင်ငံခြားသားပိုင် ကုမ္ပဏီများကိုပါ အကြုံးဝင်သည်။ အိန္ဒိယ Indian Institute of Corporate Affairs (IICA) ၏ ထုတ်ပြန်ချက်အရ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း INR ၂၀၀ ဘီလီယံ (USD ၂.၉၇ ဘီလီယံ) ခန့်မှာ  CSR အသုံးစရိတ်အတွက် ကုမ္ပဏီပေါင်း ၁၆၀၀၀ ဝန်းကျင်ခန့်ထံမှ ရရှိခဲ့သည်ဟု သိရသည်။

အဆိုပါဥပဒေအရ CSR ဆိုသည်မှာ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေး၊ ကျားမတန်းတူညီမျှမှု မြှင့်တင်ရေး၊ HIV တိုက်ဖျက်ရေး၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုသေချာစေရေး၊ သက်မွေးပညာရပ်ကျွမ်းကျင်မှုတိုးတက်ရေးနှင့် ဝန်ကြီးချုပ်၏ အမျိုးသားအဆင့် ကယ်ဆယ်ရေးရန်ပုံငွေသို့ ထည့်ဝင်ခြင်းများကဲ့သို့သော ခေါင်းစဉ်များအပါအဝင် သီးခြားသတ်မှတ်ထားသည့် လုပ်ဆောင်မှုများနှင့် ဆက်စပ်သည့်  စီမံကိန်းများ သို့မဟုတ် အစီအစဉ်များကို ခေါ်သည်။ ကုမ္ပဏီ ဝန်ထမ်းများ (၎င်းတို့ မိသားစုများ) ကိုသာ အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများ အားလုံးသည် CSR လုပ်ငန်းများအဖြစ် ယူဆ၍ မရပါ။

ကုမ္ပဏီများသည် CSR လုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် အကောင်အထည် ဖော်နိုင်သလို၊ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများမှ တဆင့် သို့မဟုတ် အနည်းဆုံး ဘဏ္ဍာရေးနှစ် ၃ နှစ်သက်တမ်းရှိပြီးဖြစ်သည့် လွတ်လပ်ပြီး မှတ်ပုံတင်ဖွဲ့စည်းထားသော NGO များမှတဆင့် အကောင်အထည်ဖော် လုပ်ကိုင်နိုင်သည်။ CSR လုပ်ငန်းများကို အိန္ဒိယတွင် လုပ်ကိုင်ရမည်ဖြစ်ပြီး အဆိုပါ CSR လုပ်ငန်းများကို အကြံပေးရန်နှင့် စောင့်ကြည့် လေ့လာ နိုင်ရန် ကုမ္ပဏီသည် CSR ကော်မတီတစ်ခု (လွတ်လပ်သည့် ဒါရိုက်တာများပါဝင်သည့်) တည်ထောင်ရမည် ဖြစ်သည်။ ကုမ္ပဏီအုပ်ချုပ်ရေးအဖွဲ့သည့် အခြားအရာများအပြင် ကုမ္ပဏီ၏ CSR မူဝါဒ အသေးစိတ်အချက်အလက်များဖော်ပြပါဝင်သည့် နှစ်စဉ် CSR အစီရင်ခံစာပြုစုရန် လိုအပ်သည်။ ယင်းသတင်းအချက်အလက်များကို ကုမ္ပဏီ၏ ဝက်ဆိုက်တွင် ဖော်ပြရမည်လည်း ဖြစ်သည်။ ကုမ္ပဏီက ဥပဒေအရ CSR လုပ်ငန်းစဉ်များတွင် ဝင်ငွေ ၂ % သုံးစွဲရန် ပျက်ကွက်ပါက ဒါရိုက်တာများအဖွဲ့သည် ထိုသို့ မသုံးစွဲရခြင်းအကြောင်းများ ဖော်ပြရမည် ဖြစ်သည်။

CSR အစီရင်ခံစာတွင် ကုမ္ပဏီ၏ CSR မူဝါဒဆိုင်ရာ သတင်းအချက်အလက်များ ဖော်ပြရန် ပျက်ကွက်လျှင် ကုမ္ပဏီသည် (အကြမ်းဖျင်း USD ၇၃၂ နှင့်ညီမျှသည့် INR 50000 အောက် မနည်းသည့်) ဒဏ်ငွေ သတ်မှတ်ခံရနိုင်သည်။ ပျက်ကွက်သည့် ကုမ္ပဏီအရာရှိတိုင်းသည် ထောင်ဒဏ် ၃ နှစ်အထိ /သို့မဟုတ် INR ၅၀၀၀၀ အောက်မနည်းသည့် ပြစ်ဒဏ် သတ်မှတ် ကျခံရနိုင်သည်။ 'မသုံးစွဲမှု'အတွက် သီးခြားပြစ်ဒဏ်သတ်မှတ်ခြင်းမရှိပါ။ သို့သော် အက်ဥပဒေတွင် ဥပဒေချိုးဖောက်ခြင်းအတွက် သီးခြားပြစ်ဒဏ် မသတ်မှတ်ထားသော်လည်း ကုမ္ပဏီနှင့်/

သို့မဟုတ် ပျက်ကွက်သည့် အရာရှိများသည် INR ၁၀၀၀၀ (USD ၁၄၇) အထိ ရှိနိုင်သည့် ဒဏ်ငွေ အပြစ်ပေးခံရနိုင်သည်ဟု ဖော်ပြပါရှိသည်။

## ဝေဖန်ပြောကြားမှုများ

အဆိုပါဥပဒေအတည်ပြုခြင်းသည် NGO နှင့် စီးပွားရေးအဖွဲ့အစည်းများ၏ ပူပန်မှုများကို မြင့်တက်စေခဲ့သည်။ အဓိကဝေဖန်မှုများ၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်-

- Global Reporting Initiative (GRI) အဖွဲ့က CSR အသုံးစရိတ်ဥပဒေပြဌာန်းခြင်းသည် ဖိအားပေးပရဟိတလုပ်ငန်း၊ ပြီးပြီးရော အပြုအမူ၊ ဟန်ပြကရုဏာလုပ်ငန်း သို့မဟုတ် အဂတိလိုက်စားခြင်း၊ ဥပဒေ မလိုက်နာလိုသဖြင့် အချက်အလက်များ အတုလုပ်ခြင်းသို့ ဦးတည်စေနိုင်သည်ကို ဖော်ပြသည်။[25] ထို့ပြင် အိန္ဒိယနိုင်ငံရှိ များစွာသော ဥပဒေများတွင် ဥပဒေစိုးမိုးမှု အရေးယူမှုအားနည်းကာ ဥပဒေလေးစားလိုက်နာမှုကို လျော့နည်းစေသည်ဖြစ်ရာ အဆိုပါဥပဒေသည် ရှိနှင့်ပြီး အခြေအနေဆိုးအား ပိုမိုဆိုးရွားစေပြီး ဥပဒေစိုးမိုးရေး မနစ်မြို့စရာဖြစ်သည်။
- ဥပဒေကြမ်းအပေါ်တွင် မှတ်ချက်ပေးရာတွင် National Foundation for India က အက်ဥပဒေပါ CSR လုပ်ငန်းများ၏ ကန့်သတ်သည့် လုပ်ပိုင်ခွင့်ဘောင်မှာ လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုများထက် ဖြစ်စေသည့် အကြောင်းများအပေါ်တွင်သာ အဓိကထားနေကြောင်း ပြောကြားသည်။ [26] အချို့သောသူများကလည်း CSR လုပ်ငန်းများသည် ဥပမာ ဝန်ကြီးချုပ်၏ အမျိုးသားကယ်ဆယ်ရေးရန်ပုံငွေကို ထည့်ဝင်ခြင်းများသည် အမှန်စင်စစ် ပရဟိတသာ ဖြစ်ပြီး ကောက်ခံရရှိသော ရန်ပုံငွေများသည် တာဝန်ခံနိုင်မှု မရှိပါ။ အလားတူ ဥပဒေသည် ဟန်ပြလုပ်ကိုင်ခြင်းကို အတည်ပြုရာ ရောက်သည်။ ဥပမာ စီးကရက်များ ထုတ်လုပ်သည့် ဆေးရွက်ကြီး ကုမ္ပဏီတစ်ခုသည် တဖက်တွင်လည်း စီးကရက်ထုတ်လုပ်ခြင်းကို ဆက်လက်လုပ်ကိုင်ကာ ရရှိသည့် အမြတ် ၂ % ကို 'ပညာရေး'အတွက် လွယ်လင့်တကူ ခွဲဝေပေးနိုင်သည့် အချက်။
- CSR အတိုင်ပင်ခံအဖွဲ့တစ်ခုဖြစ်သည့် Value CSR အဖွဲ့၏ စီအီးအိုက ဖော်ပြထားသည့် CSR လုပ်ငန်းများစာရင်းသည် ကုမ္ပဏီများအတွက် "အကျိုးစီးပွားမျှဝေရေး" စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခက်တွေ့စေသည်။[27] စီးပွားရေးလုပ်ငန်းများသည် တန်ဖိုးဖန်တီးရေး တစ်နည်းနည်းဖြင့် တိုင်းတာရန်၊ "အကျိုးစီးပွားမျှဝေရေး" လုပ်ငန်းများသည် ပုံမှန်စီးပွားရေးလုပ်ငန်း လုပ်ဆောင်ဖွယ်ရာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါဟု ဖော်ပြရန် လိုလိမ့်မည်။
- ရလာသည့် အမြတ်များကို မဖြစ်မနေ သုံးစွဲရမည်ဟု ဆိုခြင်းသည် ကုမ္ပဏီများကို လုပ်ငန်း အစပျိုးကာလတွင် လူထုအကျိုးဆောင်ရွက်စေရန် အားမပေးပါ။ လုပ်ငန်းအစပျိုး ကာလတွင် အမြတ်အစွန်း မပြုနိုင်သေး၍ ဖြစ်သည် (သို့ဆိုပါကသသယံဇာတ တူးဖော်ရေးကဲ့သို့ လုပ်ငန်းများသည် အမြတ်ရနိုင်သည့် စီမံကိန်းများ မည်သောအခါမျှ လုပ်ဆောင်နိုင်မည် မဟုတ်ချေ)။
- CSR အသုံးစရိတ်ပြဌာန်းခြင်းသည် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု ပြဌာန်းချက်များ ကဲ့သို့ အခန်းကဏ္ဍများသို့ ကုမ္ပဏီများ ရောက်ရှိစေသည်။ ဤဝန်ဆောင်မှုများမှ အစိုးရ ကဏ္ဍသာ ဖြစ်သည်။ လူထုတို့ကသာ ယင်းဝန်ဆောင်မှုများအတွက် ကုမ္ပဏီများတွင် မှီခိုလာပါက နက်ရှိုင်းသည့် အခက်အခဲများ ဖြစ်လာနိုင်သည်။ အထူးသဖြင့် ကုမ္ပဏီသည် အမြတ် မပြုလုပ်နိုင်သည့်အခြေအနေ သို့မဟုတ် လုပ်ငန်းပိတ်ရသည့် အခြေအနေတွင် ဖြစ်သည်။

## အခွင့်အလမ်းများ

၂၀၁၄ ခုနှစ်တွင် အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် Accenture တို့သည် အိန္ဒိယ စီးပွားရေးလုပ်ငန်းအများစုမှာ ရေတိုတွင် CSR စွမ်းဆောင်နိုင်အားများ တည်ဆောက်ရေးတွင်သာ အဓိကထားကြကြောင်း အသိပေးသည့် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။[28] သို့သော် စီးပွားရေး လုပ်ငန်းများစွာသည် CSR အသုံးစရိတ်ပြဋ္ဌာန်းခြင်းကြောင့် ဖြစ်လာမည့် ပိုမိုကျယ်ပြန့်သည့် အခွင့်အလမ်းများကို တဖြည်းဖြည်း လက်ခံလာမည်ဟု အစီရင်ခံစာက ဟောကိန်း ထုတ်ခဲ့သည်။ ဤအစီရင်ခံစာတွင် ပါဝင်သည်မှာ-

- **စက်မှုလက်မှုလုပ်ငန်းစုနှင့်ရင်းနှီးသည့် အရည်အချင်းရှိသူများ တည်ထောင်ရန် CSR လှူပ်ရှားမှုများ အသုံးပြုခြင်း-** CSR အသုံးစရိတ်ပြဋ္ဌာန်းခြင်းဖြင့် ကုမ္ပဏီများအတွက် အလုပ် ခန့်နိုင်သည့် လုပ်သားများ မွေးထုတ်ပေးမည့် သက်မွေးကျွမ်းကျင်မှုများ အားကောင်းရေး ရည်ရွယ်သည့် လုပ်ငန်းများတွင် CSR ရန်ပုံငွေများ ထည့်ဝင်စေနိုင်သည်။ အိန္ဒိယ အမျိုးသားကျွမ်းကျင်မှုဖွံ့ဖြိုးရေးရည်မှန်းချက်များ ရရှိရန် ထပ်တိုးလုပ်သား သန်း ၂၉၀ ခန့်ကို ၂၀၂၂ ခုနှစ်တွင် လေ့ကျင့်ပေးရန် လိုအပ်ခြင်းကြောင့် ဤအခွင့်အလမ်းကို အများဆုံး အသုံးချနိုင်သည့် စီးပွားရေးလုပ်ငန်းများသည် အနာဂတ်အတွက် အရည်အချင်း ရှိသူများ မွေးထုတ်သည့် နေရာများ ဖန်တီးပေးနိုင်သည်။
- **CSR ပူးပေါင်းဆောင်ရွက်မှုများကို ကုန်ကျစရိတ်သက်သာပြီး တစ်ဖက်တွင်အခြေအနေကို ပြောင်းလဲနိုင်သည့် တီထွင်ဆန်းသစ်မှုအဖြစ် ပြောင်းလဲခြင်း-** ဒီမိုကရေစီနိုင်ငံရေးသည် နိုင်ငံသားများ၏ စိတ်ကူးများပေါင်းစု အခြေပြုတည်ဆောက်ကာ နိုင်ငံကို မြှင့်တင်နိုင်သကဲ့သို့ "ဒီမိုကရေစီနည်းလမ်းဖြင့်ရရှိသည့်" တီထွင်ဆန်းသစ်မှုသည် နိုင်ငံများ၏ စီးပွားရေးစနစ်များ မြှင့်တင်နိုင်ပြီး ကုမ္ပဏီများအတွက် ရေရှည်တည်တံ့ပြီး အမြတ် ရစေနိုင်သည့် ဖွံ့ဖြိုးမှုကို အားပေးသည်။ စီးပွားရေးလုပ်ငန်းများသည် ဥပမာ ဗဟိုအစိုးရက ခွင့်ပြုသည့် ပညာရပ်အဖွဲ့အစည်းများရှိ နည်းပညာ ကဏ္ဍများတွင် မိမိတို့ CSR ရန်ပုံငွေများ အဓိကထည့်ဝင်ခြင်းဖြင့် ဤအခွင့်အလမ်းကို အသုံးချနိုင်သည်။
- **CSR လှူပ်ရှားဆောင်ရွက်မှုများကို ခေါင်းဆောင်များအတွက် ပွင့်လင်းစွာတွေးခေါ်ကြံဆနိုင်သည့် လေ့လာရေး ဌာနများအဖြစ် ပြောင်းလဲခြင်း-** CSR လှုပ်ရှားဆောင်ရွက်မှုများသည် ဗဟုယဉ်ကျေးမှု ပတ်ဝန်းကျင်တွင် စီမံခန့်ခွဲသူများ၏ ခေါင်းဆောင်မှုစွမ်းရည်များ စမ်းသပ်ရန်နှင့် ဖွံ့ဖြိုးစေရန် ထိပ်တန်းစီမံခန့်ခွဲမှုအဖွဲ့များ အတွက် ပြည့်စုံသည့် အခြေခံအုတ်မြစ်တစ်ခု ဖြစ်သည်။
- **CSR ကို အမျိုးသားအကျိုးစီးပွားနယ်ပယ်တွင် လျစ်လျူရှုခံထားရသည့် ကဏ္ဍများတွင် သုံးစွဲစရာ ငွေကြေးရရှိစေသည့် မောင်းနှင်အားဖြစ်စေခြင်း -** CSR အသုံးစရိတ်ပြဋ္ဌာန်းခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက် အစိုးရဌာနများနှင့် အတူ လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းရရှိစေရာ နိုင်ငံတွင် မိခင်ကျန်းမာရေးမြှင့်တင်ခြင်း၊ HIV ၊ ငှက်ဖျားနှင့် အခြားရောဂါများ တိုက်ဖျက်ခြင်းကဲ့သို့ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ ရရှိစေရေး အထောက်ကူပြုသည်။

## အမှန်တကယ် ဖြစ်နေသည်မှာ

၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်သည် ဤဥပဒေစတင်သက်ရောက်သည့် ပထမနှစ်ဖြစ်သည်။ စတော့ဈေးကွက်သည် CSR ဥပဒေကို အပျက်သဘောမတုန့်ပြန်ပါဟု ပြသသည့် လေ့လာချက်များမှ လွဲ၍ အများပြည်သူ၏ အမြင်မှာ အမှန်တကယ် ရလဒ်အစစ်များ မြင်တွေ့ရန် နှစ်အနည်းငယ် စောင့်ကြည့်ရမည်ဟု ဖြစ်သည်။[29]

၂၀၁၅ ဒီဇင်ဘာတွင် KPMG က (ဈေးကွက်အရင်းတွင် အခြေပြုသည့်) ထိပ်တန်း ကုမ္ပဏီ ၁၀၀ နှင့် ၎င်းတို့၏ ဥပဒေနှင့်အညီ လုပ်ဆောင်မှုကို ဆန်းစစ်သည့် အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့သည်။ [30] ကုမ္ပဏီ ၁၀၀

လုံးသည် ဥပဒေအရ အကြုံးဝင်နေပြီး ယင်းတို့အနက် ကုမ္ပဏီ ၈၇ ခုမှာ CSR အသုံးစရိတ် ၂ % သုံးစွဲရန် ဥပဒေအချက်နှင့် ကိုက်ညီနေသည်။

အောက်ပါဇယားသည် အဓိကတွေ့ရှိချက်အချို့ကို ထင်ရှားစွာ ဖော်ပြထားသည်-

| KPMG တွေ့ရှိချက် | ကိန်းဂဏန်းအချက်အလက် |
|---|---|
| အများပြည်သူသိ ထုတ်ပြန်သည့် CSR မူဝါဒနှင့် နှစ်စဉ် CSR အစီရင်ခံစာရှိရမည့် လိုအပ်ချက်နှင့် ကိုက်ညီသည် | ကုမ္ပဏီ ၉၅ ခု |
| သတ်မှတ် CSR အသုံးစရိတ် ၂ % အောက် သုံးစွဲသည် | (ကုမ္ပဏီ ၈၇ ခုအနက်) ကုမ္ပဏီ ၅၂ ခု |
| မသုံးစွဲရခြင်း အကြောင်းပြချက်များ ပေးရန် ပျက်ကွက် | ကုမ္ပဏီ ၁ ခု |
| မသုံးစွဲဖြစ်သည့် CSR အသုံးစရိတ်ပမာဏကို လာမည့်နှစ်သို့ သယ်ဆောင်ရန် ကတိပြုသည် (၎င်းမှာ ဥပဒေအရ လိုအပ်ချက်များကို ကျော်လွန်သည်) | ကုမ္ပဏီ ၁၃ ခု |
| ကျန်းမာရေး၊ ရေဆိုးစနစ်နှင့် ပညာရေးဆိုင်ရာ CSR အသုံးစရိတ် ရာခိုင်နှုန်း | ၅၀% ထက်ပိုမို<br><br>**မှတ်ရန်** ၁။ ကုမ္ပဏီ အများစုမှာ အက်ဥပဒေ မသက်ရောက်မီကပင် ဤကဏ္ဍများတွင် လုပ်ကိုင်နှင့်ပြီးဖြစ်သည်။<br><br>**မှတ်ရန်** ၂။ ဝန်ကြီးချုပ်၏ အမျိုးသား ကယ်ဆယ်ရေးရန်ပုံငွေတွင် ထည့်ဝင်ခြင်း ကဲ့သို့ အစိုးရဦးစားပေးလုပ်ငန်းများတွင် ကုမ္ပဏီများစွာက ရင်းနှီးမြှုပ်နှံခဲ့သည်မဟုတ်။ |
| အောက်ပါတို့မှတဆင့် CSR အကောင်အထည်ဖော်သည့် ကုမ္ပဏီ ရာခိုင်နှုန်း- | |
| – ကိုယ်ထူကိုယ်ထ | ၁၄% |

| | |
|---|---|
| – ကုမ္ပဏီ ဖောင်ဒေးရှင်း | ၇% |
| – ပြင်ပအကောင်အထည်ဖော်ရေး အဖွဲ့ ( ဥပမာ NGO) | ၁၅% |
| – အထက်ပါနည်းများ ပေါင်းစပ်အသုံးပြု | ၆၄% |
| CSR အတွက် မိမိသဘော ဆန္ဒအလျောက် သုံးစွဲသည့် ကုမ္ပဏီရာခိုင်နှုန်း (ထိုသို့ လုပ်ဆောင်ရန် ဥပဒေအရ တာဝန် ပေးအပ်ခြင်း မရှိ) | ၃% |

## ရှေ့ဆက်ဆောင်ရွက်မည်လား

၂၀၁၅ စက်တင်ဘာတွင် သမဂါယမဂန်ကြီးဌာန အဆင့်မြင့်ကော်မတီက ဥပဒေအတိုင်း အကောင်အထည်ဖော်မှု တိုးတက်စေမည့် နည်းလမ်းများ အကြံပြုသည့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။[31] အဓိကတွေ့ရှိချက်များမှာ-

- ကုမ္ပဏီများစွာတို့မှာ အခြားဥပဒေများအရ လိုက်နာရန်လိုအပ်ချက်များအပြင် ဤအက်ဥပဒေအရ ရှုပ်ထွေးသည့် အစီရင်ခံစာလုပ်ထုံးလုပ်နည်းများသည် စီးပွားရေး လုပ်ရာတွင် လွယ်ကူမှုနည်းစေသည်ဟု ခံစားနေကြရသည်။ ဥပဒေ၏ အဓိက ရည်ရွယ်ချက်သည် ကုမ္ပဏီများကို လေ့လာစောင့်ကြည့်ခြင်း သို့မဟုတ် အကဲဖြတ် စောင့်ကြည့်ခြင်းမဟုတ်သော်လည်း မိမိတို့ကိုယ်တိုင် ဥပဒေသတ်မှတ်ခြင်းဖြင့် CSR လုပ်ငန်းများ ပံ့ပိုးကူညီရန် ဖြစ်သည်ဟု ကော်မတီက ထပ်မံဆိုထားသည်။ ဤအချက်ကြောင့် တစ်ဖက်တွင် ကုမ္ပဏီငယ်များအတွက် လိုအပ်ချက်အချို့ ဖြေလျှော့ပေးရင်း ကုမ္ပဏီများကို ဥပဒေလိုက်နာသည့် ယဉ်ကျေးမှုဖော်ဆောင်ရန် ၂ နှစ်မှ ၃ နှစ်အထိ အချိန် ပေးသင့်သည်ဟု ကော်မတီက အကြံပြုထားသည်။ ဆက်စပ်လုပ်ကိုင်သူများစွာတို့က (လျို့ဝှက်ထားခြင်း ဆန့်ကျင်ဖက်) CSR မသုံးစွဲသည့် ကုမ္ပဏီများကို ပြစ်ဒဏ်ပေးရေးကို အလေးပေးနေကြသော်လည်း ကော်မတီကမူ ၎င်းအချက်ကို ငြင်းဆိုထားပြီး "လိုက်နာလိုကလိုက်နာ သို့မဟုတ် ရှင်းလင်းချက်ပေး" ဟူသည့် အထွေထွေမှုများသည် လုံလောက်မှုရှိသည်ဟု ဆိုထားသည်။
- ဥပဒေတွင် ဖော်ပြသည့် CSR လုပ်ငန်းများစာရင်းသည် အလွန်ကန့်သတ်မှုရှိသည်ဟု ကော်မတီက ယူဆသည်။ ဖော်ပြပါရှိခြင်းမရှိသော်လည်း ပြည်သူလူထုအကျိုးရှိစေပြီး/ အများပြည်သူဆိုင်ရာ ရည်ရွယ်အကျိုးပြုသည့်/ လူထုကောင်းစားရေးမြှင့်တင်ပေးသည့် လုပ်ငန်းများ လွှမ်းခြုံပါဝင်မည့် အပိုဒ်ခွဲတစ်ခု ထည့်ရန် အကြံပြုထားသည်။ ထို့ပြင် ဂန်ကြီးချုပ်၏ အမျိုးသားအဆင့်ကယ်ဆယ်ရေးရန်ပုံငွေသည် ဥပဒေ၏ ရည်မှန်းချက်ကို မထိန်းသိမ်းနိုင်ဟု ကော်မတီက ထင်မြင်ထားသည်။
- အစိုးရအနေဖြင့် မတူညီသည့် CSR လုပ်ငန်းတို့ကို ပုံစံကွဲပြားစွာ အခွန် ကောက်ခံနေခြင်းကိုလည်း ပြင်ဆင်သင့်သည်ဟု ကော်မတီက အကြံပြုထားသည်။ ဥပမာ CSR လုပ်ငန်းများဟု ယူဆသည်ဖြစ်စေ၊ မယူဆသည်ဖြစ်စေ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး၊ သုတေသနနှင့် ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီသည် သက်ဆိုင်ရာ ဂန်ကြီးဌာနများထံမှ အခွန် ပြန်အမ်းငွေ ရရှိနိုင်သည်။
- ဥပဒေသည် နိုင်ငံခြားသားကုမ္ပဏီများအပေါ် မသက်ရောက်သင့် အထူးသဖြင့် ဆိုင်ရာနိုင်ငံခြားသားကုမ္ပဏီများ၏ မိခင်နိုင်ငံဥပဒေအရ CSR ဥပဒေမပြဋ္ဌာန်းထားခြင်း မရှိဘဲ ဒါရိုက်တာများအဖွဲ့သည်လည်း အိန္ဒိယတွင် မတည်ရှိသည့် အခြေအနေတွင် ဖြစ်သည် (ထို့ကြောင့် ယင်းကုမ္ပဏီများက CSR လုပ်ငန်းများ ဖော်ဆောင်ရာတွင် ပြင်းထန်သည့် စိန်ခေါ်မှုများ တွေ့ကြုံရနိုင်သည်)။ ဤပြဿနာကို နောင်တွင် ထပ်မံ သုံးသပ်ပါမည်ဟု ကော်မတီက ဆိုထားသည်။

# References


[1] MCRB, (2016). Informal Translation of Myanmar Investment Law (4th Draft).

[2] Visser, W., (2010). The Evolution and Revolution of Corporate Social Responsibility. In: M. Pohl and N. Tolhurst, ed., *Responsible Business and how to manage a CSR Strategy successfully*.

[3] European Commission (2011) *Communication from the Commission to the European Parliament, the Council, the European Economic and Social Committee and the Committee of the Regions – A Renewed EU Strategy 2011-14 for Corporate Social Responsibility* [online] Paragraph 3. Available at: http://eur-lex.europa.eu/legal-content/EN/TXT/?uri=CELEX:52011DC0681 [Accessed 19 Apr 2016].

[4] Thomas, T. and Son, J. (2016). *CSR in ASEAN: It's About How You Make Money - ASEAN News – Reporting ASEAN*. [online] ASEAN News – Reporting ASEAN. Available at: http://www.aseannews.net/csr-in-asean-its-about-how-you-make-money/ [Accessed 19 Apr. 2016].

[5] Shafer, M. (2016) *Turning Thailand's useless CSR into an engine for profits and communities - the nation*. Available at: http://www.nationmultimedia.com/opinion/Turning-Thailands-useless-CSR-into-an-engine-for-p-30284191.html?utm_content=buffer0cbcb&utm_medium=social&utm_source=linkedin.com&utm_campaign=buffer [Accessed: 26 May 2016].

[6] Porter, M. and Kramer, M. (2011). Creating Shared Value. *Harvard Business Review*, January/February 2011, pp.63 - 70.

[7] Asian Venture Philanthropy Network, Available at: http://avpn.asia/ [Accessed: 7 June 2016].

[8] Social Impact Myanmar, Available at: http://www.socialimpactmyanmar.org/ [Accessed: 7 June 2016]

[9] British Council, Available at: http://www.britishcouncil.org.mm/ [Accessed: 7 June 2016].

[10] Charities Aid Foundation (2015). *CAFWorld Giving Index 2015, A Global View of Giving Trends* [online] p.11. Available at: https://www.cafonline.org/about-us/publications/2015-publications/world-giving-index-download [Accessed 19 Apr. 2016].

[11] Kyaw, K. (2016). Myanmar expects a more vibrant post-election economy - The Nation. [online] The Nation. Available at: http://www.nationmultimedia.com/business/Myanmar-expects-a-more-vibrant-post-election-econo-30268840.html [Accessed 19 Apr. 2016].

[12] Nuttall, R., Browne, J. and Stadlen, T. (2016). *How companies succeed through radical engagement*. [online] McKinsey & Company. Available at: http://www.mckinsey.com/Business-Functions/Strategy-and-Corporate-Finance/Our-Insights/How-companies-succeed-through-radical-engagement?cid=other-eml-nsl-mip-mck-oth-1603 [Accessed 19 Apr. 2016].

[13] *Developing SMEs through Business Linkages*. (2008) [online] Available at: http://www.enterprise-development.org/wp-content/uploads/Developing_SMEs_through_Business_Linkages.pdf [Accessed 13 Jun. 2016]

[14] Myanmar Garments and Manufacturers Association (MGMA) (2016). Myanmar Garment Industry - 10 Year Strategy. [online] Available at: http://www.myanmargarments.org/wp-content/uploads/2015/09/Myanmar-garment-industry-10-year-strategy-Aug-2015.pdf [Accessed 1 Jun. 2016].

[15] FSG, (n.d.). *Measuring Shared Value: How to Unlock Value by Linking Social and Business Results*. [online] Available at: https://sharedvalue.org/sites/default/files/resource-files/Measuring_Shared_Value.pdf [Accessed 20 Jun. 2016].

[16] Department of Foreign Affairs and Trade (2015) *Engaging the private sector in aid and development*. Available at: http://dfat.gov.au/news/news/Pages/engaging-the-private-sector-in-aid-and-development.aspx [Accessed: 24 May 2016].

[17] House Bill No. 306 (*An Act Encouraging Corporate Social Responsibility, Providing Incentives Therefor, and For Other Purposes*), Section 1(3). Available at: http://congress.gov.ph/download/basic_16/HB00306.pdf [Accessed: 19 Apr. 2016].

[18] Gayo, S. and Yeon, A. (n.d.). Mandatory CSR Law in Indonesia: New Emerging Policy. In: *7th Universiti Utara Malaysia International Legal Conference*. [online] Research Gate, p.3. Available at: https://www.researchgate.net/publication/258567475_Mandatory_CSR_Law_in_Indonesia_New_Emerging_Policy [Accessed 19 Apr. 2016].

[19] Dunn, W. (2015). *CSR-Friendly Tax Policy: Unlocking Value and Aligning Interests*. [online] Triple Pundit: People, Planet, Profit. Available at: http://www.triplepundit.com/2015/09/csr-friendly-tax-policy-unlocking-value-aligning-interests/# [Accessed 19 Apr. 2016].

[20] ASX Corporate Governance Council, (2014). *Corporate Governance Principles and Recommendations 3rd Edition.* [online] Available at: http://www.asx.com.au/documents/asx-compliance/cgc-principles-and-recommendations-3rd-edn.pdf [Accessed 20 Jun. 2016].

[21] Myanmar Extractive Industries Transparency Initiative, (2015). *EITI Report for the Period April 2013 - March 2015 - Oil, Cas and Mining Sectors*. pp.45 - 46.

[22] While the 2013 EITI Standards have been replaced by the 2016 EITI Standards, the reporting requirement for social expenditure by extractive companies remains the same.

[23] Department of Foreign Affairs and Trade. (2016). *Business Partnerships Platform*. [online] Available at: http://dfat.gov.au/aid/who-we-work-with/private-sector-partnerships/opportunities/Pages/business-partnerships-platform.aspx [Accessed 20 Jun. 2016].

[24] Singapore Corporate Awards. (2015). Best Managed Board 2015. [online] Available at: http://www.scawards.com.sg/best-managed-board.html [Accessed 19 Apr. 2016].

[25] Global Reporting Initiative, (2014). *Mumbai Declaration on Sustainability Reporting for Sustainable Development*. [online] Available at: https://www.globalreporting.org/SiteCollectionDocuments/Mumbai-declaration-on-sustainability-reporting-for-sustainable-development.pdf [Accessed 13 Jun. 2016].

[26] National Foundation for India, (n.d.). *Comments on Draft CSR Rules under Section 135 of the Companies Act 2013*. [online] Available at: http://www.nfi.org.in/sites/default/files/nfi_files/Comments%20on%20draft%20CSR%20rules.pdf [Accessed 13 Jun. 2016].

[27] Baraka, D. (2015). *CSR in India*. [online] Available at: https://www.linkedin.com/pulse/csr-india-dwayne-baraka [Accessed 13 Jun. 2016].

[28] Accenture and FICCI, (2014). *Organizing for Success on Corporate Responsibility: The Path to High Performance*. [online] Available at: http://ficci.in/spdocument/20515/FICCI-Accenture-Report.pdf [Accessed 13 Jun. 2016].

[29] Deodhar, S. (2015). India's Mandatory CSR, Process of Compliance and Channels of Spending. *Indian Institute of Management*, W.P. No. 2015-05-01, p.8.

[30] KPMG, (2015). *India's CSR reporting survey 2015*. [online] Available at: https://www.kpmg.com/IN/en/IssuesAndInsights/ArticlesPublications/Documents/KPMG-CSR-Survey2015.pdf [Accessed 13 Jun. 2016].

[31] Ministry of Corporate Affairs, (2015). *Report of High Level Committee (to suggest measures for improving monitoring of the implementation of Corporate Social Responsibility policies)*. [online] Available at: http://www.mca.gov.in/Ministry/pdf/HLC_report_05102015.pdf [Accessed 13 Jun. 2016].

AUSTRALIA-MYANMAR
CHAMBER OF COMMERCE

**Yangon Office** Level 6, Hledan Centre (Hledan Road & Pyay Road), Yangon, Myanmar

**Sydney Office** Suite 402, Level 4, 37 Bligh Street, Sydney NSW Australia

**Email:** info@a-mcc.com

www.a-mcc.com

Please email your feedback to jly@a-mcc.com